မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချီမြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၄)၊ အမှတ်(၃၀၂)
၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ သောကြာနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ စတုတ္ထနေ့သို့ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့်ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာ




**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ဆက်လက်ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁ ■**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကြီး နှစ်ရက်တိုး၍ကျင်းပသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိတပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ပြပွဲစတင်သည့်ရက်မှစ၍ နေ့စဉ်ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများ၊ MSME လုပ်ငန်းရှင်များ တစ်ခဲနက်လာရောက်ကြပြီး အထူးစိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲကြသည့်အတွက် ပြပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်တိုး၍ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီမှ သိရသည်။ (သတင်းစဉ်)

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့်ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆) ခုတို့မှ ထုတ်ချေးပေးလျက်ရှိသဖြင့် ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်)

# ညှိနှိုင်းတိုင်ပင် ဖွံ့ဖြိုးတိုးတက်စေချင်

မြန်မာနိုင်ငံရှိ ရဟန်းရှင်လူပြည်သူအပေါင်းသည် မိမိတို့နေထိုင်ရာဒေသအသီးသီးတွင် အေးချမ်းစွာနေထိုင်စားသောက်လိုစိတ်၊ ကိုယ်ချင်းစာစိတ်နှင့် အချင်းချင်းရိုင်းပင်းကူညီလိုစိတ် အပြည့်အဝရှိကြသည်။ ပင်ကိုစိတ်ရင်းစိတ်ထားမှာ ပကတိရိုးသားဖြူစင်လျက်ရှိသည်။ ထိုသို့ ရိုးသားဖြူစင်စိတ်ထားရှိသူများကို အကြမ်းဖက်လက်နက်ကိုင်ဆောင်နေသူများက အမျိုးမျိုးသောသွေးခွဲစကားများဖြင့် တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားအောင်၊ စိတ်ရိုင်းများဝင်လာအောင် သွေးထိုးမြှောက်ပင့်ပေးလျက်ရှိသည်။ ဤသို့သော သွေးခွဲခြင်း၊ စည်းလုံးညီညွတ်မှုပျက်ပြားအောင်လုပ်ဆောင်ခြင်းများမှာ ကိုလိုနီနယ်ချဲ့တို့သွေးခွဲအုပ်ချုပ်မှုပယောဂမှ အခြေခံခဲ့ခြင်းဖြစ်ပြီး ခေတ်သစ်ကာလတွင်လည်း ယင်းတို့၏သွေးထိုးလှုံ့ဆော်ထောက်ပံ့နေမှုများကြောင့် အရှိန်မသေသေးသည့်အနေအထားတွင် ရှိနေခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း ကိုယ်စီ၏လိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့်တောင်းဆိုခြင်းမှာ မှားယွင်းသောလမ်းစဉ်ဖြစ်သည်။ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် မှန်ကန်သောရလဒ်ကောင်းများရရှိနိုင်မည်မဟုတ်သည့်အတွက် တိုင်းရင်းသားများအကြား နားလည်မှုလွဲမှားခြင်းများ၊ ပဋိပက္ခများရှိပါက တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိသည်။ ဤသို့ဖွင့်လှစ်ကြိုဆိုလျက်ရှိသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အနာဂတ်ကို တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာအရင်းခံဖြင့်ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများမှာ လွတ်လပ်ရေးသက်တမ်းနှင့်အတူ ပေါ်ပေါက်နေခြင်းဖြစ်သည့်အတွက် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးနေခြင်းဖြစ်သည်။ အနာဂတ်မျိုးဆက်သစ်များအား ဆိုးမွေများလက်ဆင့်ကမ်းမည့်အစား ကောင်းမွေများကိုလက်ဆင့်ကမ်းသင့်ပြီဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိစေရေးအတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများလက်တွဲပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ်(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် **"စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နီးကြားကြိုးစားသောနိုင်ငံသည် အမြဲထာဝရဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံမှာ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတွင်းရှိ ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့်အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးရေးကိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်"** ဟူ၍ဖော်ပြထားပါသည်။

ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတည်ရှိနေရန်မှာ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ရှိနေကြရမည်ဖြစ်သည်။ သဘောထားကွဲလွဲမှုများရှိပါက တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာကြရမည်ဖြစ်သည်။ တိုင်းပြည်စည်းလုံးမှုပြိုကွဲပါက အင်အားချည့်နဲ့ကာ ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့ပါဝင်ပတ်သက်ဝင်ရောက်စွက်ဖက်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာများနှင့်ပဋိပက္ခများကိုဖြေရှင်းရာတွင် ပြည်ပနိုင်ငံအချို့က ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေထိဖြစ်ပေါ်အောင် ဖန်တီးလျက်ရှိသည်ကိုလည်း ပြည်သူအားလုံးက သတိထားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးပြဿနာကို မြန်မာနိုင်ငံသားကိုယ်တိုင်က ညှိနှိုင်းဖြေရှင်းကြမှသာ အောင်မြင်မှုရရှိမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်ရှိသည့်အတွက် ပြည်ထောင်စုစနစ်ဖြင့်ဖွဲ့စည်းတည်ဆောက်ထားသည်။ ထိုသို့ဖွဲ့စည်းတည်ဆောက်ထားသည့်နိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန်၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးစေရန်နှင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်မှာ တိုင်းရင်းသားပြည်သူအပေါင်း စည်းလုံးညီညွတ်စွာ အကြမ်းဖက်မှုများကို တားဆီးဟန့်တားကြရန် လိုအပ်သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသောအစိုးရ၊ တပ်မတော်နှင့်ပြည်သူလူထုတို့ စိတ်တူကိုယ်တူ တစ်သားတည်းရှိနေကြမှသာ မြန်မာနိုင်ငံတော်ကြီးတည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူများအနေဖြင့် ရှေးမြန်မာမင်းများနှင့် ဘိုးဘွားဘီဘင်များထံမှ အမွေအနှစ်အဖြစ်ရရှိထားသော ပြည်ထောင်စုနိုင်ငံတော်၏ နယ်နိမိတ်မပျောက်ကွယ်စေရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အလေးထားလျက် ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၁၃

ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ အရာထမ်း၊ အမှုထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၃ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးပွင့်က အရာထမ်း၊ အမှုထမ်းများအနေဖြင့် သက်ဆိုင်ရာဥပဒေနှင့် ဥပဒေပြဋ္ဌာန်းချက်များကို သိရှိနားလည်ကျင့်သုံးနိုင်စေရန်၊ ဥပဒေနှင့်ပတ်သက်၍ နိုင်ငံသားအားလုံး လေးစားလိုက်နာနိုင်ရန်ရည်ရွယ်၍ ဥပဒေအသိပညာပြန့်ပွားရေးဟောပြောပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဟောပြောပွဲသို့ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်ရုံးဦးစီးအရာရှိများနှင့် မြို့နယ်သမဝါယမဦးစီးဌာနအရာထမ်း၊ အမှုထမ်းများတက်ရောက်ကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု၌ စိုက်ပျိုးထားသော ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ဇလွန် ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု၌ ဆောင်းနေကြာစိုက်ဧကပေါင်း ၁၀၀ ကျော် စိုက်ပျိုးထားရာ ရေမြေသဘာဝနှင့်ကိုက်ညီသောကြောင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဆောင်းနေကြာကို ဒေသတွင်းစားသုံးဆီဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်စိုက်ပျိုးခြင်းဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် Supersun 41 နေကြာအထွက်နှုန်းကောင်းမျိုးများကို စိုက်ပျိုးထားကြောင်း သိရသည်။

ဇလွန်မြို့နယ်အတွင်း နေကြာစိုက်ဧကပေါင်း ၂၃၀၀၀ ကျော် စိုက်ပျိုးလျက်ရှိသည့်အနက် နန်းတော်ကျွန်းကျေးရွာအုပ်စု၌ ဧကပေါင်း ၁၀၀ ကျော် စိုက်ပျိုးထားကြောင်း၊ အဆိုပါကျေးရွာအုပ်စု၌ နုန်းတင်မြေနုလွင်ပြင်များရှိပြီး ရေမြေသဘာဝအားဖြင့် နေကြာများ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

နှစ်စဉ် ပြည်ပမှ စားအုန်းဆီများ ဝယ်ယူတင်သွင်းနေရခြင်းကြောင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ထိခိုက်လျက်ရှိသဖြင့် နိုင်ငံအတွင်း ဆီထွက်သီးနှံများ ပိုမိုအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်သောကြောင့် နိုင်ငံတော်မှ သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေးကို ပြည့်မီအောင်စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံမှုကို အကျိုးပြုစေမည့်အပြင် ပြည်ပသို့လည်း ပြန်လည်တင်ပို့နိုင်မည်ဖြစ်သည်။

အဆိုပါ နန်းတော်ကျွန်းကျေးရွာအုပ်စု၌ နေကြာစိုက်ပျိုးခြင်းနှင့်အတူ ပျားမွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်လျက်ရှိရာ နေကြာစိုက်ပျိုးရေးနှင့် ပျားမွေးမြူရေးလုပ်ငန်းများကြား အပြန်အလှန်အကျိုးပြုကာ နေကြာစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# မင်းလှမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး(OCV) တိုက်ကျွေးခြင်းလုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

မင်းလှ ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါတုံ့ပြန်ကာကွယ်ဆေး(OCV) တိုက်ကျွေးခြင်းလုပ်ငန်းလမ်းညွှန်သင်တန်းကို ဖေဖော်ဝါရီလ ၁၃ ရက်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ (သွားကျန်းမာ) ဒေါက်တာနုယဉ်ခင်က ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ဆေးထိုးနှံရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လက်ထောက်ကျန်းမာရေးမှူး ဒေါ်သန္တာစိုးက ကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးထွန်းလင်းသူက ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားစေတတ်သည့်အကြောင်းအရာများ ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် နည်းလမ်းများ၊ ကျန်းမာရေးမှူးအဆင့်-၁ ဒေါ်မာမာမြင့်က ကာကွယ်ဆေးသိုလှောင်ခြင်းနှင့်သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းစဉ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မင်းလှမြို့နယ်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်း ၄၀ ဦး တက်ရောက်ကာ သင်တန်းတွင် သင်တန်းနည်းပြဆရာ၊ ဆရာမများက နှစ်ရက်ကြာ သင်ကြားပို့ချပေးခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၁၅ ရက်တွင် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး (OCV)တိုက်ကျွေးနိုင်ရေး အနုစိတ်စီမံချက် ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းရေကန်ကြီးများ၌ ဆောင်းခိုငှက်များ လာရောက်ကျက်စားမှုများလာ



ညောင်ဦး ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းရေကန်ကြီးများ၌ ဆောင်းခိုငှက်များ လာရောက်ကျက်စားမှုများလာကြောင်း ဧည့်လမ်းညွှန်များ၏ပြောပြချက်အရ သိရသည်။

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ပုဂံမြို့နှင့်ငါ့သရောက်မြို့တို့သည် အပူပိုင်းရပ်ဝန်း မိုးခေါင်ရေရှားဒေသတွင်ပါဝင်ကာ ရှေးဟောင်းရေကန်များ ပြန်လည်ဆယ်ယူခဲ့ကြပြီး ပြီးခဲ့သည့်နှစ်က မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ရေကန်ကြီးများ ပြည့်လျှံသည်အထိ ရေဝင်ရောက်ခဲ့ရာ ယခုနှစ်ဆောင်းရာသီအထိ ရေများမခန်းခြောက်သဖြင့် ဆောင်းခိုငှက်များ လာရောက်ကျက်စားကြခြင်းဖြစ်နိုင်ကြောင်း ပုဂံဒေသခံ ငှက်ဝါသနာရှင်များကပြောသည်။

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များဖြစ်သည့် အလံပုဂံကန်၊ အလယ်ကန်၊ လေးထောင့်ကန်၊ ညောင်လက်ဖက်ကန်၊ ဖိုးသူတော်ကန်ခေါ် စူဠာမဏိကန်၊ ဦးကျည်ပွေ့ကန်၊ ရွှေနန်းရင်တော်ကန် ခေါ် ထိန်ကန်၊ ရွှေထီးကန်နှင့် မန်ကျည်းကန် စသည့် ရေကန်များ၌ ရေပြည့်လျှံခဲ့သောကြောင့် ဆောင်းခိုငှက်များသည် ရေရှိသောကန်ကြီးများ၌ ခရီးတစ်ထောက်နားခြင်းလည်းဖြစ်နိုင်ကြောင်း သိရသည်။

အဆိုပါရေကန်ကြီးများသည် ယခင်နှစ်များက ရေဝင်ရောက်မှုနည်းခဲ့သော်လည်း ယခုနှစ်တွင် ရေကန်များ၌ ရေရှိနေသေးသည့်အတွက် ဆောင်းခိုငှက်များ လာရောက်ကျက်စားခြင်းဖြစ်ကြောင်း၊ လာရောက်ကျက်စားသည့်ငှက်များတွင် ရေကြက်၊ ခရုစုတ်၊ ခရုတုတ်၊ တင်ကျီး၊ ရေကျီးကန်း၊ ရေပိန်ညင်း၊ ဟသ်ာနှင့်မန်ဒါလီတို့ပါဝင်ကြောင်း သိရသည်။ **ဒီပါလင်း**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ကျွန်ုပ်၏ ဝါသနာတစ်ခု

ကျွန်ုပ်၏စိတ်ကူး၌ မင်းသမီးဟူသည်မှာ အနည်းဆုံး သနားကမား ရှိလိမ့်မည်ဟု ထင်ထား၏။ ထိုကဲ့သို့ကား မတွေ့ရချေ။ ရုပ်အဆင်းကို ထားပါဦး။ ဖြီးလိမ်းပြင်ဆင်မှုနှင့်ပတ်သက်၍ သူ့ခေတ်နှင့်သူ ရှေ့ဆုံးမှ ပြေးလျက်ရှိသော စံဒေဝီအား မျက်စိကျလာခဲ့သောကျွန်ုပ်မှာ ဒေါင်းတည်မောင်းတည်နှင့် တော်သလိုဝတ်ဆင်ထားသော မိန်းကလေးကို မြင်ရသောအခါ၌ မည်သို့မျှ မထိခိုက်ဘဲ ရှိနေ၏။ တခြားတစ်ချက်မှာလည်း ကျွန်ုပ်ကိုယ်၌ကသာ ရုပ်ရိုးရိုးနှင့် ဝတ်ပုံခပ်ရိုးရိုးရှိနေသည်။ မျက်စိကျတော့ ထိပ်တန်းမှ ကျချင်တတ်သည်ဖြစ်ရာ မိန်းကလေးကလည်း ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားသည့် အမူအရာမတွေ့ရချေ။ အကယ်၍ သူ့ဘက်က စိတ်ဝင်စားမှုတွေ့ရလျှင် ကျွန်ုပ်ဘက်ကလည်း ပြောင်းလဲခြင်း ရှိကောင်းရှိပေမည်။ စံဒေဝီကို ကျွန်ုပ်စွဲမက်ခဲ့ခြင်းမှာ တခြားသောအကြောင်းများထက် ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားမှုရှိခြင်းကို လွန်ဆွဲပွဲမှစ၍ အခါခပ်သိမ်း ထင်ရှားစွာဖော်ပြသောကြောင့်ဖြစ်၏။ မိန်းကလေးတစ်ယောက်သည် မိုးပျံအောင် လှချင်လှစေ။ ကျွန်ုပ် စွဲမက်လိမ့်မည်မဟုတ်ချေ။ တစ်ဖန် ကျွန်ုပ်အပေါ်၌ ရိုးသားစွာ စိတ်ဝင်စားခြင်းရှိသည်ကို ကျွန်ုပ်တွေ့ရသောအခါတွင်လည်း ကျွန်ုပ်က တုံ့ပြန်၍ စိတ်ဝင်စားခြင်း ရှိလာတတ်ပါသည်။ ဤသည်ကား ကျွန်ုပ်၏ တစ်သက်တာလုံး ဝါသနာပေတည်း။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ ကျွန်ုပ်သည် ဤအတိုင်းပင် သဘောထားတတ်၏။ ဤသို့ပြုရမည်ဟု တမင်တကာ အစီအစဉ်ရေးဆွဲထားခြင်းမဟုတ်။ ကျွန်ုပ်၏ ပင်ကိုသဘာဝ (Spontaneous Reaction) ဖြစ်ပါသည်။ ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားပုံမရသော မိန်းကလေးတစ်ယောက်အား ချစ်ကြိုက်လာအောင် လူပျိုလှည့်ဖို့သော်လည်းကောင်း၊ စိတ်မဝင်စားသော လူကြီးတစ်ဦးတစ်ယောက်ထံမှ တစ်စုံတစ်ခုရလိုသည်နှင့် မျက်နှာချိုသွေးဖို့သော်လည်းကောင်း လုပ်လည်းမလုပ်ခဲ့၊ ဘယ်တော့မှလည်း လုပ်လိမ့်မည်မဟုတ်ချေ။ ဤသည်မှာ မာနဟုခေါ်ကြလျှင် မိခင်ထံမှ အမွေဆက်ခံရခြင်းဖြစ်၍ ဘာမှမရချင်လည်းရှိစေ၊ ဤအတွက်ကြောင့် ဝမ်းနည်းလိမ့်မည်မဟုတ်ချေ။ ကြီးတော်နှင့် မင်းသမီးသည် ကျွန်ုပ်နှင့် မင်းသမီးကလေး၏အကဲကို ရိပ်မိကြ၍ တခြားတစ်ယောက်နှင့် စမ်းကြည့်ကြသေး၏။ ဤတစ်ယောက်မှာ ပိုးကုန်သည်ဖြစ်၍ သနားကမားရှိ၏။ သို့ရာတွင် စံဒေဝီ၏ရုပ်ရည်ကို မမီဘဲလျက် မိုးအောက်သို့ လျှော့မကြည့်တတ်သည့်မာနမျိုးရှိခြင်းကို ကျွန်ုပ်ရိပ်မိသည်နှင့် နောက်ဆုတ်လိုက်ပါတော့သည်။ ကြီးတော်ကမူ ကျွန်ုပ်၏မိခင်အား 'မင့်သားက သူ့ဟာကလွဲရင် ဖွဲနဲ့ဆန်ကွဲထင်ပါရဲ့ ညီမရယ်'ဟု ပြောဖူးလေသည်။

### အထင်ကြီးခံရခြင်း

၁၉၁၀ ပြည့်နှစ် နှစ်လယ်လောက်တွင် ကျွန်ုပ်သည် လယ်ယာစိုက်ပျိုးရေးမင်းကြီးရုံးတွင် လခ ၅၀ ကျပ်- ၅ ကျပ်-၇၅ ကျပ် စာရေးအလုပ်ကို ရရှိ၏။ ဤရုံးမှာ မန္တလေးမြို့ရှိ တခြားသောရုံးများနှင့်မတူဘဲ ကိုးတန်းအောင်သော စာရေးအများဆုံးရှိသည့်ရုံးဖြစ်၍ အင်္ဂလိပ်စာပညာအဆင့်အတန်းမြင့်သောလူများချည်း တွေ့ရ၏။ တခြားရုံးကြီးများမှ စာရေး

> **"ကျွန်ုပ်၏အချစ်ရေးပြဿနာကို ပြန်ပြောင်းဆင်ခြင်လိုက်ရာတွင် ကျွန်ုပ်သည် စံဒေဝီကို ချစ်ကြိုက်ခြင်းနှင့် တူညီသောမေတ္တာမျိုးရှိသည့် မိန်းကလေးကိုမှ လက်ထပ်ယူမည်ဆိုပါက ဤတစ်သက်တွင် လူပျိုကြီးအဖြစ်နှင့်ပင် ဘဝဆုံးဖို့ရှိပေလိမ့်မည်။ အကြောင်းပါခဲ့သည့်အိမ်ထောင်သုံးဆက်အားလည်းကောင်း၊ အကြောင်းမပါသည့် တချို့မိန်းမများအားလည်းကောင်း စံဒေဝီကို ချစ်ကြိုက်ခဲ့ခြင်းနှင့် တူညီသော မေတ္တာမျိုးမှုကား တစ်သက်တာတွင် တစ်ဦးတစ်ယောက်မျှ မကြုံခဲ့ဖူးပေ..."**

များသည် 'အောက်ဆိုက်'ရကြသောကြောင့် အစိုးရက လခကို လျှော့ထားဟန်တူပေရာ ဤရုံး၌မူကား ကျွန်ုပ်သည် လခအနည်းဆုံးဖြစ်၍ ၃၀၀ ကျပ်အထိရသော စာရေးကြီးများပင် ရှိလေသည်။ ဤရုံးကြီးမှာ ရွှေဘိုရုံးများမှာကဲ့သို့ အင်္ဂလိပ်စာမတောက်တစ်ခေါက် ရေးတတ်ရုံမကဘဲ တော်တော်သားသားနားနားရေးတတ်သည့် စာရေးများရှိကြ၍ အင်္ဂလိပ်စာဝါသနာပါသော ကျွန်ုပ်အဖို့ စိတ်ဝင်စားမှုရှိလှသည်။ ကျွန်ုပ်မှာ လက်နှိပ်စက်စာရေးကလေးတစ်ယောက်မျှသာဖြစ်သော်လည်း အလွန်ဖတ်ရခက်သော အိုင်စီအက်စ်အရာရှိကြီးများ၏ 'သော့'လက်ရေးကို ဖတ်နိုင်၍ မှန်ကန်စွာ စက်နှိပ်ကူးယူနိုင်ခြင်းအတွက်ကြောင့် မကြာမီနာမည်ကလေးထွက်လာ၏။ တစ်နေ့သ၌ ထီနံပါတ်များအကြောင်းကို ရုံးအုပ်နှင့်တကွ စာရေးအားလုံး ဝိုင်းဖွဲ့ကာ ဆွေးနွေးလျက်ရှိကြစဉ် (ထိုခေတ်၌ ရန်ကုန်ကြေးနန်းထီရှိသည်။) အင်္ဂလိပ်ကပြား ရုံးအုပ်စာရေးကြီးက "၁၁၁၁၁၁ (တစ်ခြောက်လုံး) သို့မဟုတ် ၂၂၂၂၂၂ (နှစ်ခြောက်လုံး) မှစ၍ ဂဏန်းထပ်သော ထီလက်မှတ်မျိုးသည် တခြားသောနံပါတ်များထက် ပေါက်ဖို့ခဲယဉ်းသည်"ဟု ပြောရာ ကျွန်ုပ်က...

"အတူတူပင် ဖြစ်သည်" ဟု ပြော၏။ တခြားစာရေးများလည်း ဝင်မစွက်ကြဘဲ နားထောင်လျက်ရှိ၏။ ရုံးအုပ်က ဆင်ခြေဆင်လက်အကြောင်းပြ၍ ကျွန်ုပ်ကလည်း (Law of Probability) 'ဖြစ်တန်ရာသော လက္ခဏာဥပဒေစည်းကမ်း' အရ တွက်၍ပြ၏။ နောက်ဆုံး၌ ကျွန်ုပ်က နှုတ်ဖြင့်ပြောရခြင်းကို အားမရသည်နှင့် အင်္ဂလိပ်လို စာဖြင့်ရေးသားတင်ပြ၏။ ရုံးသားအားလုံးသည် ကျွန်ုပ်၏ ချေပလွှာကို ဝိုင်းဝန်းနားထောင်ကြရာ အတော်ကျေနပ်ကြ၍ ရုံးအုပ်ကိုယ်တိုင်ကလည်း "Theory စာလိုတော့ဟုတ်သည်။ လက်တွေ့တော့ တစ်မျိုးဖြစ်သည်"ဟု ပြောပြန်၏။ ဤတွင် ကျွန်ုပ်က "ဤကိစ္စမျိုး၌ စာလိုဟုတ်လျှင် လက်တွေ့လည်း မှန်ရမည်" ဟု ထပ်ဆင့်တင်ပြပြန်ရာ စာရေးအားလုံး ကျေနပ်ကြ၍ ရုံးအုပ်ကိုယ်တိုင်လည်း အရှုံးပေးသွားသည်။ ဤတွင် ရုံးအုပ်နှင့်တကွ ရုံးသားအားလုံးသည် ကျွန်ုပ်၏ ဗဟုသုတကိုလည်းကောင်း၊ ကျိုးကြောင်းဆင်ခြင်တတ်သောဉာဏ်ကိုလည်းကောင်း၊ အင်္ဂလိပ်လို အရေးအသားကိုလည်းကောင်း အထင်ကြီးသွားကြ၏။ ဤရုံးသားများသည် ရွှေဘိုရုံးသားများထက် အရာရာတွင် အဆင့်အတန်းမြင့်ကြပေသည်ဟု ကျွန်ုပ်ကျေနပ်မိပါသည်။ တစ်နှစ်ခန့်ကြာသောအခါ လခ ၆၀ ကျပ် – ၅ ကျပ် – ၈၀ ကျပ်ရသော စာရေး၏နေရာလစ်လပ်၍ (ရုံးအုပ်၏ ထောက်ခံချက်အရ) ကျွန်ုပ်အားခန့်ထားလေရာ တစ်နေ့သ၌ ယခင်စာရေးလုပ်သွားခဲ့သည့်အမှားတစ်ခုမှာ ကျွန်ုပ်၏အပေါ်သို့ အမှုပတ်၍ မင်းကြီး၏ ထုချေလွှာတောင်းခြင်းခံရ၏။ ကျွန်ုပ်သည် ကျွန်ုပ်လက်ထက်၌ အမှားမဟုတ်ဘဲ အမှားဟောင်းတစ်ခုဖြစ်ခြင်းကို ရေလည်ရှင်းလင်းစွာ ထုချေလွှာပေး၍ တင်လိုက်ရာ မင်းကြီးက 'ကျေနပ်ဖွယ်ရေးထားသော ထုချေချက်ဖြစ်သည်'ဟု မှတ်ချက်ချလိုက်လေသည်။ နောက်များမကြာမီ ရုံးအုပ်ကြီးက "ဟေ့ ... ဖေသိန်း။ မင်းကို မင်းကြီးက တော်တော်သဘောကျသွားတယ်။ ကြိုးစားလုပ်။ မင်းတက်လမ်းရှိတယ်"ဟု ခေါ်၍ ပြောပါပေသည်။

### လူပျိုကြီး ဖြစ်ထိုက်ပါလျက်

ကျွန်ုပ်၏ အချစ်ရေးပြဿနာကို ပြန်ပြောင်းဆင်ခြင်လိုက်ရာတွင် ကျွန်ုပ်သည် စံဒေဝီကို ချစ်ကြိုက်ခြင်းနှင့်တူညီသော မေတ္တာမျိုးရှိသည့် မိန်းကလေးကိုမှ လက်ထပ်ယူမည်ဆိုပါက ဤတစ်သက်တွင် လူပျိုကြီးအဖြစ်နှင့်ပင် ဘဝဆုံးဖို့ရှိပေလိမ့်မည်။ အကြောင်းပါခဲ့သည့် အိမ်ထောင်သုံးဆက်အားလည်းကောင်း၊ အကြောင်းမပါသည့် တချို့မိန်းမများအားလည်းကောင်း စံဒေဝီကို ချစ်ကြိုက်ခဲ့ခြင်းနှင့်တူညီသော မေတ္တာမျိုးမှုကား တစ်သက်တာတွင် တစ်ဦးတစ်ယောက်မျှ မကြုံခဲ့ဖူးပေ။ တခြားမိန်းမများကိုမူ ကိုယ်လုံးကိုယ်ပေါက်ကို သဘောကျခြင်း၊ ကိုယ်ဟန်အမူအရာကိုကြိုက်ခြင်း၊ ပြောပုံဆိုပုံကိုနှစ်သက်ခြင်း စသည်ဖြင့် ရှိခဲ့ဖူးရာ စံဒေဝီကိုမူ (တခြားသော ကိုယ်အင်္ဂါအစိတ်အပိုင်းများလည်း လူချီးမွမ်းခံရစေကာမူ) မျက်လုံးသက်သက်ကိုသာ ကျွန်ုပ်အထူးနှစ်သက်ခဲ့၏။ ပထမအိမ်ထောင်၏ မျက်လုံးများမှာ စင်စစ်အားဖြင့် စံဒေဝီ၏ မျက်လုံးများထက်လှပါ၏။ ကျွန်ုပ်လည်းသိပါ၏။ သို့ရာတွင် စံဒေဝီ၏ ကြည့်ပုံကြည့်နည်းမျိုး မဟုတ်သောကြောင့် စွဲမက်စရာ၌ မမီနိုင်ပါ။ စံဒေဝီကို တစ်ကိုယ်လုံးမရလျှင် နေစေ။ သူ၏ မျက်လုံးနှစ်လုံးကို အရှင်လိုက်ရထား၍ မှန်သေတ္တာကလေးထဲတွင် ထည့်ထားပြီး ကြည့်ချင်သောအခါ၌ ကြည့်နေရသည်ဆိုပါက တစ်သက်လုံး အိမ်ထောင်မပြုဘဲ နေနိုင်လိမ့်မည်ဟု ထင်မိပါသည်။ ဤမျှလောက်စွဲမက်လျှင် အဘယ်ကြောင့် စံဒေဝီအိမ်ထောင်မပြုမီ မိမိက မိန်းမယူရပါသနည်းဟု မေးဖွယ်ရာရှိ၏။ စံဒေဝီမှာ သူ့ခေတ်တွင် စပ်သူဟပ်သူအတော်များသော မိန်းကလေးတစ်ယောက်ဖြစ်၍ ဤလူနှင့်ယူတော့မည်၊ ထိုလူနှင့် စေ့စပ်ပြန်ပြီဟူသောသတင်းများသည် ကျွန်ုပ်ထံသို့ နားမဆံ့အောင်ရောက်လျက်ရှိသောကြောင့် ကျွန်ုပ်၌ အတွေးတစ်ခုဖြစ်ပေါ်လာ၏။ အကယ်၍ သူ အိမ်ထောင်ပြုပြီး ငါအိမ်ထောင်မပြုသေးလျှင် 'ဖိုးကျန်ရစ်' ဟု ခေါ်ကြလိမ့်မည်ဆိုကာ အိမ်ထောင်ဖက်ရှာဖို့ အလောသုံးဆယ် အကြံဖြစ်လာပါတော့သည်။ တချို့လူများကား ကိစ္စမရှိ။ ကျွန်ုပ်မှာမူ နှစ်ကြိမ်တိုင်တိုင် ရပ်သိရွာသိကျော်ကြားပြီးမှ လွဲရခြင်းဖြစ်သောကြောင့် 'စောင့်မျှော်တုန်းရှိသေးသည်' ဟု အရပ်ထဲက ပြောကြမည်ကို ရှက်မိပါတော့သည်။ **ဆက်လက်ဖော်ပြပါမည်။**

---

## သထုံမြို့ ဆံတော်ရှင်မြသပိတ်စေတီတော်မြတ်ကြီး၌ သတ္တမအကြိမ် ကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

သထုံ ဖေဖော်ဝါရီ ၁၃

မွန်ပြည်နယ် သထုံမြို့ သိင်္ဂနိတ်တောင်ထိပ်ရှိ ဆံတော်ရှင်မြသပိတ်စေတီတော်မြတ်ကြီး၏ သတ္တမအကြိမ် ကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ တံခွန်အသစ်ထီးတော်တင်လှူခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက်က အဆိုပါစေတီတော်မြတ်ကြီးရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ သထုံမြို့ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဗဟိုသံဃဝန်ဆောင် ဘဒ္ဒန္တသုမနာဘိဝံသထံမှ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တက်ရောက်လာသည့်ဒေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး တံခွန်တိုင်သစ်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်နှင့် ကြာသင်္ကန်းတို့အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်တို့အား ကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် စေတီတော်ရင်ပြင်၌ M-K-T Construction Co.,Ltd. မှ ဆောက်လုပ်လှူဒါန်းသည့် တံခွန်တိုင်သစ်အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အလှူရှင်များက စိန်ဖူးတော်၊ ထီးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြသည်။



ဆက်လက်၍ ဆံတော်ရှင်မြသပိတ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် သံဃာတော်အပါး ၅၀ အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။ **ချမ်းမြေ့**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်တရားရုံးများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများကို ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုတရားသူကြီးချုပ်သည် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်တရားရုံးများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများကို နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံမှာကြားသည်။

ဦးစွာပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးက တရားစီရင်ရာတွင် ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးစီရင်ကြရန်နှင့် ပြည်သူများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အချုပ်တရားခံပါအမှုများကို ကြန့်ကြာမှုမရှိစေဘဲ စစ်ဆေးကြရန်နှင့် ခံဝန်အမှုများကိုလည်း ပြီးသင့်ပြီးထိုက်သည့် အချိန်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သည့်အမှုများကိုလည်း ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားပြီးဖြစ်သော မူပိုင်ခွင့်ဥပဒေအားလုံးသည် အာဏာသက်ရောက်ပြီးဖြစ်သည့်အတွက် မူပိုင်ခွင့်ဥပဒေချိုးဖောက်၍ စွဲဆိုလာမှုများကို မူပိုင်ခွင့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးစီရင်ဆုံးဖြတ်ကြရန်ဖြစ်ကြောင်း။



အာဆီယံဒေသတွင်း တရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ တရားသူကြီးများကို ဖိတ်ခေါ်၍ သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ လက်ခံကျင်းပနိုင်ရန်နှင့် တရားသူကြီးများ၊ တရားရေးအရာရှိများ၏ စွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လေ့ကျင့်ပျိုးထောင်နိုင်ရန် ရည်ရွယ်ပြီး Judicial College အဆောက်အအုံကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရာတွင် AI နည်းပညာရပ်သည် ချန်လှပ်ထား၍မရသည်ကို သတိချပ်ကြရန်လိုကြောင်းနှင့် AI နည်းပညာကို လက်လှမ်းမီရန်၊ အသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်လေ့လာထားကြရန်လိုကြောင်း။

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏တတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၂၅) အောင်မြင်စေရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်က ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈)ကိုချမှတ်၍ အကောင်အထည်ဖော်လျက်ရှိရာ ယင်းမဟာဗျူဟာတွင် သတင်းပို့အဖွဲ့အစည်းဖြစ်သည့် ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များ၊ ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများက တာဝန်ခံဆောင်ရွက်ရမည့်အချက်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ခံဆောင်ရွက်မည့်အစီအစဉ်များနှင့် သတင်းပို့အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ရမည့်အချက်များပါရှိသဖြင့် လေ့လာဖတ်ရှုကြပြီး ဆက်လက်၍အသိပညာမျှဝေကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

(ဗဟိုဂ)

## မဲစာရင်းပြုစုရာတွင်အခြေခံရမည့်လူဦးရေစာရင်းများ မှန်ကန်ပြည့်စုံစေရေးနှင့် မဲရုံများအစီအစဉ်တကျခွဲဝေသတ်မှတ်နိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိများနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲအရာရှိများနှင့်လည်းကောင်း တွေ့ဆုံသည်။



တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က မဲစာရင်းပြုစုရာတွင် အခြေခံရမည့်လူဦးရေစာရင်းများ မှန်ကန်ပြည့်စုံစေရေးနှင့် မဲရုံများအစီအစဉ်တကျခွဲဝေသတ်မှတ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီမှပေးပို့လာသော လူဦးရေစာရင်း(စတုတ္ထမူကြမ်း)တွင်ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအစီအစဉ်တကျ ဖြည့်သွင်းခြင်း၊ မြေပြင်နေထိုင်မှုရှိ၊ မရှိစိစစ်ခြင်း၊ သေဆုံးစာရင်းများအတည်ပြုခြင်း၊ စာရင်းတွင်ပါဝင်သော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများကို စိစစ်ခြင်းနှင့် စာရင်းတွင်မပါဝင်သူစာရင်းကောက်ယူခြင်း စသည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် လူဦးရေစာရင်း(စတုတ္ထမူကြမ်း)၊ (ပဥ္စမမူကြမ်း) စိစစ်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်နှင့် ပဲခူးခရိုင်အတွင်းရှိမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း လယ်ကဏန်းပိဿာ ၅၈၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဖေဖော်ဝါရီ ၁၃


ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း လယ်ကဏန်းပိဿာ ၅၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းသူ၏ပြောပြချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက လယ်ကဏန်းပိဿာ ၄၅၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း လယ်ကဏန်းပိဿာ ၅၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကာ အဆိုပါကဏန်းများကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့် အများအပြား တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ကဏန်းအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဒီနှစ်ဇန်နဝါရီလတစ်လတာကာလအတွင်း ရန်ကုန်ဈေးကွက်ကို လယ်ကဏန်းပိဿာ ၅၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတဲ့ကဏန်းတွေက လယ်ကွင်းထဲက ဖမ်းယူရရှိတာတွေဖြစ်ပါတယ်။ လက်ရှိမှာလည်း ကျိုက်လတ်မြို့နယ်ကထွက်ရှိတဲ့ ရေထွက်ကုန်ပစ္စည်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်။ ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ လုပ်ငန်းပိုမိုလည်ပတ်လုပ်ကိုင်လာရပါတယ်" ဟု ဒေါ်ဝင်းဝင်းသူကပြောသည်။

ကျိုက်လတ်မြို့နယ်မှ ကဏန်းအပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ လုပ်ငန်းအဆင်ပြေလာကြောင်း သိရသည်။ **သုတကျော်**

မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၁.၁ °C |
| ဟဲဟိုး | ၂.၄ °C |
| ပြင်ဦးလွင် | ၃.၆ °C |
| လွိုင်လင် | ၄.၄ °C |
| မိုင်းယန်း | ၄.၅ °C |
| ဟားခါး | ၄.၈ °C |
| ပင်လောင်း | ၆.၇ °C |
| တီးတိန် | ၇.၇ °C |
| ညောင်ရွှေ | ၈.၅ °C |
| တောင်ကြီး | ၈.၆ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၂ | ၂၂ |
| ရှမ်း(မြောက်) | ၇ | ၂၅ |
| ရှမ်း(အရှေ့) | ၁၀ | ၃၁ |
| ရှမ်း(တောင်) | ၆ | ၂၈ |
| ချင်း | ၇ | ၂၂ |
| စစ်ကိုင်း(အထက်) | ၁၃ | ၃၂ |
| စစ်ကိုင်း(အောက်) | ၁၅ | ၃၅ |
| နေပြည်တော် | ၁၅ | ၃၄ |
| မန္တလေး | ၁၉ | ၃၆ |
| မကွေး | ၁၄ | ၃၅ |
| ရခိုင် | ၁၅ | ၃၀ |
| ပဲခူး | ၁၅ | ၃၆ |
| ရန်ကုန် | ၁၉ | ၃၅ |
| ဧရာဝတီ | ၁၆ | ၃၃ |
| ကယား | ၉ | ၂၈ |
| ကရင် | ၁၉ | ၃၆ |
| မွန် | ၁၉ | ၃၅ |
| တနင်္သာရီ | ၂၀ | ၃၅ |

# သရက်ချောင်းမြို့နယ်၌ မြန်မာနိုင်ငံကလေးများနေ့အခမ်းအနားကျင်းပ

သရက်ချောင်း ဖေဖော်ဝါရီ ၁၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားနှင့် ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၃ ရက်တွင် ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားတွင် သရက်ချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သက်ထူးက ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးအေးက တက်ရောက်လာသူများကို မြန်မာနိုင်ငံကလေးများနေ့အခမ်းအနားနှင့် ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများကို ကျောင်းသား၊ ကျောင်းသူများက အက၊ ကဗျာများဖြင့် ဧည့်ခံဖျော်ဖြေကြပြီးနောက် တာဝန်ရှိသူများက ကျောင်းတွင်းကာယစွမ်းရည်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၁၂)

# ညောင်ရွှေမြို့ ရှေ့ဝကြီးကျေးရွာ၌ သစ်သားရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် တောင်ပို့ကြီးကျေးရွာအုပ်စု ရှေ့ဝကြီးကျေးရွာ၌ သစ်သားရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီလ ၁၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင်ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရှေ့ဝကြီးကျေးရွာ၌ သစ်သားရေစင်တည်ဆောက်ခြင်းနှင့် ရေတိုင်ကီနှစ်လုံး ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ရှေ့ဝကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နိုင်ငံတော်ပံ့ပိုးငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် သိန်း ၂၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကော့သောင်းမြို့၌ ထားဝယ်တိုင်းရင်းသားရိုးရာကစားနည်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ကော့သောင်း ဖေဖော်ဝါရီ ၁၃

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ထားဝယ်တိုင်းရင်းသားစုစည်းမှုအဖွဲ့မှကြီးမှူး၍ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ထားဝယ်တိုင်းရင်းသားရိုးရာ ကစားနည်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၂ ရက်က ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက်ရှိ (၃) မိုင်ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် မြသီတဂူကျောင်းတိုက်ဆရာတော်က ဩဝါဒစကားမြွက်ကြားပြီး တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်က ရိုးရာကစားနည်းပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော့သောင်းခရိုင် ထားဝယ်တိုင်းရင်းသားစုစည်းမှုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လင်းက ရိုးရာကစားနည်းပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဦးသန်းကျော်က ထားဝယ်အမျိုးသားတံဆိပ်အဓိပ္ပာယ်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စုတိုင်းရင်းသားအကများ၊ ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ထားဝယ်တိုင်းရင်းသားစုစည်းမှုအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့**

# မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာ - ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ Mr.Alexander SHPAKOVSKY သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ရှေးဦးစွာ မြန်မာ့လက်ရွေးစင် ပုံပြင်များနှင့် (၃၈)ဖြာမင်္ဂလာပုံပြင်များ (ရုရှား/ မြန်မာဘာသာ) စာအုပ်များ ၊ ဘယ်လာရုစ်နိုင်ငံတေးရေးမှ ရေးစပ်ထားသည့် မြန်မာနိုင်ငံအကြောင်း သီချင်းလေးပုဒ်တို့ကို မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။



ထို့နောက် မြန်မာ -ဘယ်လာရုစ်ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌက စာအုပ်များ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာ -ဘယ်လာရုစ် နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

# မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခရမ်းကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းခြင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ် စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၃

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ပြီး ဆေးကုသရေးအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## သဖင်(FM)အသံလွှင့်အစီအစဉ်

၁၄-၂-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၁၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၁၅ | ၃၂၃၀ | ၄၅၁၅ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ |
| 95 Ron | ၃၂၂၀ | ၃၃၃၀ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၇၀ | ၃၂၉၀ | ၄၅၆၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၈၄၅ | ၂၈၁၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | - | ၃၀၉၅ | ၂၈၂၀ | ၂၈၂၀ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၁၃၅ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၈၀ | ၃၄၄၅ | ၃၃၈၀ | ၃၄၈၅ | ၃၅၀၀ | ၃၅၂၀ | ၃၄၄၀ | ၄၈၃၀ | ၃၇၃၀ | ၃၄၅၅ | ၃၄၅၅ | ၃၅၂၅ | ၃၄၉၀ | ၃၅၁၅ | ၃၇၇၀ |
| HSD (10 ppm) | ၃၃၆၅ | ၃၄၈၀ | ၃၄၄၅ | ၃၃၈၀ | ၃၄၈၅ | ၃၅၀၀ | ၃၅၂၀ | ၃၄၄၀ | - | ၃၇၃၀ | ၃၄၅၅ | ၃၄၅၅ | ၃၅၂၅ | ၃၄၉၀ | ၃၅၁၅ | ၃၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၆ | ၃၀၈၀ |
| 95 Ron | ၃၀၄၁ | ၃၁၃၆ |
| HSD (500 ppm) | ၂၅၆၉ | ၂၆၅၀ |
| HSD (50 ppm) | ၃၁၈၆ | ၃၂၈၀ |
| HSD (10 ppm) | ၃၁၈၆ | ၃၂၈၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သွေးချိုဆီးချိုရောဂါရှိသူများစားသုံးနိုင်သော သကြားပါဝင်မှုအနည်းဆုံးသစ်သီးများ

သစ်သီးများတွင် ဗီတာမင်၊ သတ္တုဓာတ်၊ အမျှင်ဓာတ်နှင့်ရေဓာတ်များ ကြွယ်ဝပြီး အင်တီအောက်စီးဒင့်အများအပြားပါဝင်သဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများရှိသည်။ သွေးချိုဆီးချိုရောဂါရှိသူများအပါအဝင် လူတိုင်းနီးပါးသည် သစ်သီးများစားခြင်းမှ အကျိုးကျေးဇူးများရရှိနိုင်ပါသည်။ သစ်သီးအားလုံးတွင် Fructose နှင့် Glucose သဘာဝသကြားဓာတ်အမျိုးအစား နှစ်မျိုးပါဝင်သည်။ သကြားဓာတ်တစ်ခုချင်းစီ၏ ပါဝင်မှုအချိုးအစားမှာ ကွဲပြားသော်လည်း သစ်သီးအများစုတွင် Glucose တစ်ဝက်နှင့် fructose တစ်ဝက်ခန့် ပါဝင်သည်။ Glucose သည် သွေးတွင်းသကြားဓာတ်ကို မြင့်တက်စေသဖြင့် ခန္ဓာကိုယ်က အင်ဆူလင်အကူအညီဖြင့် ဇီဝဖြစ်ပျက်မှုတွင် အသုံးပြုရသည်။ Fructose သည် သွေးတွင်းသကြားဓာတ်ကို မတိုးမြင့်စေဘဲ အသည်းတွင်ဖြိုခွဲ၍ စွမ်းအင်ထုတ်လုပ်သည်။

သရက်သီးနှင့် ဖရဲသီးအပါအဝင် အလွန်ချိုသောသစ်သီးများတွင် သဘာဝအတိုင်း သကြားပါဝင်မှုမြင့်မားသည်။ သို့သော် ယေဘုယျအားဖြင့် သစ်သီးများသည် အချိုပါသော အစားအစာများထက် သကြားပါဝင်မှုနည်းသည်။ သစ်သီးများတွင် ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရဓာတ်များ၊ ဗီတာမင်၊ အမျှင်ဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ်များ ပါဝင်သောကြောင့် ပြုပြင်ပြီး သကြားများပါရှိသော သရေစာများထက် ပိုမိုကောင်းမွန်သည်။ သွေးချိုဆီးချိုရောဂါရှိသူများသည် သကြားပါဝင်မှုမြင့်မားသောသစ်သီးအများစုကို ရှောင်စားရန် လိုအပ်သည်။ သွေးချိုဆီးချိုရောဂါရှိသူများ သရေစာအဖြစ် ရွေးချယ်စားသုံးနိုင်သည့် သကြားပါဝင်မှုအနည်းဆုံးသစ်သီးများမှာ လိမ္မော်သီး၊ သံပရာသီး၊ ဂရိတ်ဖရုသီး၊ မာလကာသီး၊ ထောပတ်သီး၊ ဆီးသီး၊ မက်မွန်သီး၊ ကီဝီသီး၊ ပန်းသီးစိမ်း၊ သင်္ဘောသီး၊ ဖရဲသီး၊ သခွားမွှေးသီးနှင့် ဘယ်ရီသီးများဖြစ်ပြီး ကယ်လိုရီပါဝင်မှုလည်းနည်းသောကြောင့် ကျန်းမာသောကိုယ်အလေးချိန်ကို ထိန်းထားနိုင်သည်။

**Citrus fruits ခေါ် သံပရာသီး၊ သံပရိုသီး၊ လိမ္မော်သီးနှင့်ဂရိတ်ဖရုသီး**

သံပရာသီးတစ်လုံးတွင် သကြား ၁ ဂရမ်၊ သံပရိုသီးတစ်လုံးတွင် သကြား ၂ ဂရမ်၊ လိမ္မော်သီး ၁၀၀ ဂရမ်တွင် သကြား ၉ ဂရမ်၊ ဂရိတ်ဖရုသီး ၁၀၀ ဂရမ်တွင် သကြား ၆ ဒသမ ၇ ဂရမ်ပါဝင်ပြီး ဗီတာမင် C ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ခံအားစနစ်ကို မြင့်တင်ပေးနိုင်သည်။ သစ်သီး၏အကျိုးပြုဇီဝဒြပ်ပေါင်းများစွာ စုစည်းထားသောနေရာဖြစ်သည့် Citrus fruits ပေါ်ရှိ အဖြူရောင်အလွှာနှင့် အမြှေးပါးများကိုစားခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်သည်။ သံပရာသီးများသည် စားသုံးရန်အလွန်ချဉ်သော်လည်း လူအများစုသည် သံပရာရည် သို့မဟုတ် သံပရိုရည်ကို တခြားသကြားဓာတ်ပါသောဖျော်ရည်များအစား သောက်ရန်နှစ်သက်ကြသည်။ တစ်ခါတစ်ရံ အသုပ်များတွင် ညှစ်ထည့်ပြီး စားနိုင်သည်။ Citrus zest ခေါ် သံပရာသီးအပြင်ဘက်ရှိ အခွံ၏ မွှေးကြိုင်သောအနံ့ကြောင့် ဖျော်ရည်များနှင့်ဟင်းများတွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ်နှင့် ဟင်းအရသာများအတွက် ထည့်သွင်းအသုံးပြုနိုင်သည်။ လိမ္မော်သီးများကို အမြှာလိုက်စားခြင်းက ဖျော်ရည်သောက်ခြင်းထက် အမျှင်ဓာတ်များစွာရနိုင်သည်။ ဂရိတ်ဖရုသီးတွင် အမျှင်ဓာတ်များကြွယ်ဝစွာပါဝင်ပြီး အသီးလွှာနှင့်အမြှေးပါးများသည်ချဉ်၍ အခွံမှာ အနည်းငယ်ခါးသည်။




**မာလကာသီး**

မာလကာသီး ၁၀၀ ဂရမ်တွင် သကြား ၈ ဒသမ ၉ ဂရမ်ခန့်ပါဝင်ပြီး ဗီတာမင်C၊ ပိုတက်ဆီယမ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သည်။ မာလကာသီးသည် အမျှင်ဓာတ်များ အံ့မခန်းကြွယ်ဝသောကြောင့် သကြားဓာတ်စုပ်ယူမှုကို နှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းချုပ်နိုင်သည်။

**ထောပတ်သီး**

ထောပတ်သီး ၁၀၀ ဂရမ်တွင် သကြား သုည ဒသမ ၆၆ ဂရမ်သာ ပါဝင်သဖြင့် သကြားမပါသလောက်ဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော monounsaturated fatty acids (oleic acid) နှင့် အမျှင်ဓာတ်များပါရှိသည်။ ကာဗိုဟိုက်ဒရိတ်ပါဝင်မှုနည်းပြီး အင်ဆူလင်အာရုံခံနိုင်စွမ်းကို တိုးမြင့်စေနိုင်သောကြောင့် သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးနိုင်သည်။

**ဆီးသီး**

လတ်ဆတ်သော ဆီးသီးတစ်လုံးတွင် သကြား ၆ ဂရမ်ပါရှိသည်။ ချိုသော်လည်း ကယ်လိုရီနည်းသော ဆီးသီးများသည် အမျှင်ဓာတ်ပါဝင်မှုမြင့်မားသောကြောင့် ဗိုက်ပြည့်သည့်ခံစားမှုရစေပြီး ဝမ်းချုပ်ခြင်းကိုကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် ပျော်ဝင်နိုင်သောအမျှင်ဓာတ်သည် အစာခြေချိန်တွင် ဂျယ်အဖြစ်ပြောင်းလဲကာ အစာခြေခြင်းကို နှေးကွေးစေနိုင်သည်ဟု အမျိုးသားဆေးပညာစာကြည့်တိုက်မှ သိရသည်။ ဆီးသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် တခြားအကျိုးပြုအပင်ဒြပ်ပေါင်းများပါရှိသည်။

**မက်မွန်သီး**

မက်မွန်သီး ၁၀၀ ဂရမ်တွင် သကြား ၇ ဒသမ ၉ ဂရမ်ပါဝင်ပြီး အသားနှင့်အခွံနှစ်မျိုးစလုံးသည် အင်တီအောက်စီးဒင့်နှင့် ရောင်ရမ်းမှုကိုဆန့်ကျင်သည့် အာနိသင်ရှိကြောင်း သုတေသနပြုချက်များမှတွေ့ရှိခဲ့သည်။ အရသာရှိပြီး အရည်ရွှမ်းသောမက်မွန်သီးတွင် တခြားအစေ့ပါသော အသီးများထက် အမျှင်ဓာတ်၊ ဗီတာမင် C နှင့် ပိုတက်ဆီယမ်တို့ ပိုမိုပါဝင်သည်ဟု အစားအသောက်ပညာရှင်များကဆိုသည်။ မက်မွန်သီးတစ်လုံးသည် ၁၀၀ ဂရမ်ခန့်ရှိပြီး စူပါမားကက်တိုင်းတွင် ဝယ်ယူရရှိနိုင်သဖြင့် တစ်နေ့လျှင် တစ်လုံးခန့်စားသုံးရန် အကောင်းဆုံးဖြစ်သည်။

**ကီဝီသီး**

ကီဝီသီး အနေတော်တစ်လုံးတွင် သကြား ၇ ဂရမ်ပါဝင်၍ ဗီတာမင် C အကြွယ်ဝဆုံးအသီးဖြစ်ပြီး ဗီတာမင် E လည်း ပါဝင်သောကြောင့် အရေပြားကျန်းမာရေးအတွက် အစွမ်းထက်သည်။ မျက်စိကျန်းမာရေးအတွက် အကျိုးပြုသော အင်တီအောက်စီးဒင့် Lutein ပါဝင်ပြီး အမျှင်ဓာတ်လည်း ကြွယ်ဝသည်။ တစ်နေ့လျှင် ကီဝီသီးနှစ်လုံးစားခြင်းသည် ဝမ်းချုပ်ခြင်းကိုသက်သာစေရန် သင့်လျော်သော အစားအသောက်ကုသမှုတစ်ခုဖြစ်ကြောင်း လေ့လာမှုများအရ တွေ့ရှိခဲ့သည်။

**ပန်းသီးစိမ်း**

ပန်းသီးစိမ်း ၁၀၀ ဂရမ်တွင် သကြား ၉ ဒသမ ၅၉ ဂရမ်မှ ၁၁ ဂရမ်ခန့်ပါဝင်ပြီး အနီရောင်ပန်းသီးထက် သကြားဓာတ်နည်းသည်။ အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်ပြီး ဗီတာမင်A၊ C၊ E၊ K၊ B-complex၊ ကယ်လ်စီယမ်၊ သံ၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်နှင့်ကြေးနီတို့ပါဝင်သည်။

**သင်္ဘောသီး**

သင်္ဘောသီး ၁၀၀ ဂရမ်တွင် သကြား ၇ ဒသမ ၈ ဂရမ်ပါဝင်ပြီး မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်၊ ဖောလိတ်၊ Lycopene၊ ဗီတာမင် A၊ C၊ E၊ K နှင့် ဘီတာကယ်ရိုတင်းတို့ပါဝင်သည်။ အစာအိမ်ကျန်းမာရေးအတွက် အမျှင်ဓာတ်နှင့်နှလုံးကျန်းမာရေးအတွက် ပိုတက်ဆီယမ်တို့ပါရှိသည်။ သင်္ဘောသီးတွင် ကျန်းမာရေးအကျိုးကျေးဇူးများရှိသောကြောင့် Fruit of long life (အသက်ရှည်စေသောအသီး) ဟု ခေါ်ကြသည်။

**ပင်မှည့်သီး**

ပင်မှည့်သီးသည် မွှေးကြိုင်ချိုမြိန်သော အရသာရှိပြီး ၁၀၀ ဂရမ်တွင် သကြား ၁၁ ဂရမ်ခန့်ပါရှိသည်။ ဗီတာမင် A၊ ဗီတာမင် B2၊ ဗီတာမင် C၊ သံ၊ မဂ္ဂနီဆီယမ်နှင့် ပိုတက်ဆီယမ်ဓာတ်များ၊ အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝသည်။ ကယ်လိုရီနည်းပြီး အာဟာရဓာတ်များပြည့်ဝသော သရေစာဖြစ်သည်။

> **"သစ်သီးများတွင် ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရဓာတ်များ၊ ဗီတာမင်၊ အမျှင်ဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ်များပါဝင်သောကြောင့် ပြုပြင်ပြီး သကြားများပါရှိသော သရေစာများထက် ပိုမိုကောင်းမွန်သည်။ သွေးချိုဆီးချိုရောဂါရှိသူများသည် သကြားပါဝင်မှုမြင့်မားသော သစ်သီးအများစုကို ရှောင်စားရန်လိုအပ်သည် . . ."**

တခြားသစ်သီးဖျော်ရည်များတွင် အနံ့မွှေးလာစေရန်ထည့်လေ့ရှိသော အသီးဖြစ်သည်။

**ဖရဲသီး**

ဖရဲသီးတစ်ခွက်တွင် သကြား ၉ ဂရမ်ပါဝင်ပြီး သွေးပေါင်ချိန်လျော့ကျမှုနှင့် လေဖြတ်နိုင်ခြေကိုလျှော့ချပေးသည့် အနီရောင်ခြယ်ပစ္စည်းနှင့် အစွမ်းထက်သောဓာတ်တိုးဆန့်ကျင်ပစ္စည်း lycopene ပါဝင်သည်။ ပိုတက်ဆီယမ်နှင့်မဂ္ဂနီဆီယမ်တို့လည်း ကြွယ်ဝစွာပါရှိသောကြောင့် နှလုံးကျန်းမာရေးအတွက် အထောက်အကူပြုသည်။ ရေဓာတ်နှင့် Electrolytes ကြွယ်ဝစွာပါဝင်သောကြောင့် ခန္ဓာကိုယ်ကို ရေဓာတ်ဖြည့်တင်းပေးနိုင်သည်။ ဖရဲသီးကဲ့သို့ အရွယ်အစားကြီးသောအသီးများကို ပိုင်းဖြတ်ပြီး ရေခဲသေတ္တာထဲတွင် သိမ်းဆည်းထားခြင်းဖြင့် သရေစာအဖြစ် အလွယ်တကူစားသုံးနိုင်သည်။

**သခွားမွှေးသီး**

သခွားမွှေးသီးတစ်ခွက်တွင် သကြား ၁၂ ဂရမ်နှင့် ဗီတာမင် A မြင့်မားစွာ ပါဝင်သောကြောင့် မျက်စိကျန်းမာရေးနှင့် ကိုယ်ခံအားအတွက် အရေးကြီးသော အာဟာရပမာဏ၏ ၄၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးနိုင်သည်။ နေ့စဉ် ဗီတာမင် C လိုအပ်ချက်၏ သုံးပုံနှစ်ပုံခန့်လည်း ပါဝင်သည်။

**ဘယ်ရီသီးများ**

စတော်ဘယ်ရီ၊ ရက်စ်ဘယ်ရီ၊ ဘလက်ဘယ်ရီ၊ ခရင်မ်ဘယ်ရီ စသည့်ဘယ်ရီသီးများတွင် သကြားပါဝင်မှုနည်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည်။ စတော်ဘယ်ရီ ၁၀၀ ဂရမ်တွင် သကြား ၅ ဒသမ ၁ ဂရမ်ပါရှိပြီး အမျှင်ဓာတ်နှင့် ဗီတာမင် C မြင့်မားသည်။ ရက်စ်ဘယ်ရီသီး ၁၀၀ ဂရမ်တွင် သကြား ၄ ဒသမ ၅ ဂရမ်နှင့် ဘလက်ဘယ်ရီသီး ၁၀၀ ဂရမ်တွင် သကြား ၄ ဒသမ ၉ ဂရမ်ပါရှိသည်။ လတ်ဆတ်သော ခရင်မ်ဘယ်ရီသီး ၁၀၀ ဂရမ်တွင် သကြား ၃ ဒသမ ၄ ဂရမ်သာပါဝင်သည်။ ခရင်မ်ဘယ်ရီသီးတွင်ရှိသော ကာဗိုဟိုက်ဒရိတ်၏သုံးပုံတစ်ပုံခန့်သည် အမျှင်များဖြစ်ပြီး အစာကြေရန်ခက်ခဲသောကြောင့် အစားအစာများကို ခန္ဓာကိုယ်အတွင်း ချောမွေ့စွာဖြတ်သန်းနိုင်ရန် ကူညီပေးသည်။ ဆီးလောင်မှုနှင့် သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ရန်လည်း ကူညီပေးသည်။ လတ်ဆတ်သောခရင်မ်ဘယ်ရီသီးများကို စားသုံးရန် အချဉ်ဓာတ်လွန်ကဲလွန်းသော်လည်း ဗီတာမင် C နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့် အရသာရှိသော ဖျော်ရည်များ၊ အသုပ်များ သို့မဟုတ် Oatmeal နှင့် ဒိန်ချဉ်တို့တွင် ထည့်သွင်းစားသုံးနိုင်သည်။

သွေးချိုဆီးချိုရောဂါရှိသူများ အပါအဝင် လူတိုင်းနီးပါးသည် သစ်သီးများစားခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်သည်။ သစ်သီးများသည် မွှတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းတွင် ပါဝင်သင့်သည်။ ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဌာန(CDC)မှ သုတေသနပြုချက်အရ အရွယ်ရောက်ပြီးသူများသည် တစ်နေ့လျှင် အသီးအနှံတစ်ခွက်ခွဲမှ နှစ်ခွက်အထိ စားသုံးသင့်သည်ဟု အကြံပြုထားသည်။ ကျန်းမာရေးအကျိုးကျေးဇူးများရှိသော်လည်း တစ်ကြိမ်တည်းတွင် အသီးများများစားခြင်းသည် ကယ်လိုရီလွန်ကဲစွာစားသုံးမှုကို ဖြစ်စေနိုင်သောကြောင့် လူတစ်ဦးသည် အစားစားတိုင်းတွင် သကြားဓာတ်နည်းသော သစ်သီးများကို ပေါင်းစပ်စားသုံးနိုင်သည်။ သကြားဓာတ်နည်းသောသစ်သီးများကို သရေစာအဖြစ် အလွယ်တကူပြုလုပ်နိုင်သည်။ သကြားပါဝင်မှုမြင့်မားသော ဖျော်ရည်များသောက်မည့်အစား သံပရာသီးတစ်ဝက်ကို ရေထဲသို့ညှစ်ထည့်သောက်ခြင်း သို့မဟုတ် သံပရာသီးဖျော်ရည်သောက်ခြင်းသည် လန်းဆန်းစေသော နည်းလမ်းတစ်ခုဖြစ်သည်။ သွေးချိုဆီးချိုရောဂါရှိသူများ အနေဖြင့် စားသင့်သည့်အသီးအနှံပမာဏအကြောင်းကို ဆရာဝန် သို့မဟုတ် အစားအသောက်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်၍ ကျန်းမာရေးနှင့်ညီညွတ်စေရန် ရွေးချယ်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာသိဂီကျော်**

# စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲများဆောင်ရွက်



**ဟိုပုံး ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များအား အတတ်ပညာသာမက အသိပညာဗဟုသုတများရှာမှီးနိုင်ရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ သွားလာအသုံးချနိုင်မည့် အလေ့အကျင့်များဖြစ်လာစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲများကို ဖေဖော်ဝါရီလ ၁၃ ရက်နံနက်ပိုင်းတွင် ပေါင်လင်းကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (ဒုံမေးခိုး)၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းတာဝန်ခံဆရာမကြီး ဒေါ်သက်သက်လွင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခမ်းခြူးက ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်တန်ဖိုးဖြတ်မရသည့် ရတနာများဖြစ်သဖြင့် စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အသိအမြင်အတွေးအခေါ်များနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေပြီး ငယ်စဉ်ကတည်းက စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိကာ စာပေချစ်မြတ်နိုးစိတ်များကိန်းအောင်းနေစေရန်တို့အတွက် စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးစာအုပ်စာစောင်ပြပွဲအားခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုပြီး မိမိတို့ကြိုက်နှစ်သက်သည့် စာအုပ်စာစောင်များကို ဖတ်ရှုမှတ်သားလေ့လာကြကြောင်း သိရသည်။

ပအိုဝ်းဒေသ (ပြန်/ဆက်)

# အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ငဖဲ ဖေဖော်ဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၃ ရက်နံနက်ပိုင်းတွင် ဆင်ချည်တိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးချိုချိုထွန်းက အဖွင့်အမှာစကားပြောကြားပြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ရသည့် အကြောင်းရင်းများ၊ ကျောင်းစာသာမက သုတရသစာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းသီတာထွေးက အားကစားနည်းအမျိုးအစားများ၊ လူငယ်နှင့်အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းများနှင့် ကျောင်းစာကြည့်တိုက်အတွက် တိုင်းရင်းသားရိုးရာပုံပြင်စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ပြသသော လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကိုပြသရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မယု(ငဖဲ)

# ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**လင်းခေး ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုကွန်ကျေးရွာ-တာတိန်းခမ်းကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၃ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် လင်းခေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလင်း၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက လင်းခေးမြို့နယ် ဟိုကွန်ကျေးရွာ-တာတိန်းခမ်းကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ဟိုကွန်ကျေးရွာ-တာတိန်းခမ်းကျေးရွာတွင်း လမ်းအရှည်ပေ ၇၂၀၊ အကျယ် ၉ ပေ၊ အမြင့် ၄ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၂ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၆၅ သန်းအသုံးပြု၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ယခင်ကထက် ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

# ထမနဲပွဲပမာပြုလို့ စည်းလုံးညီညွတ်စို့

* တပို့တွဲလ သည်ချိန်ခါ
ဓလေ့ တို့ရိုးရာ။
ကျင်းပကြကာ အတူနွဲ
ထမနဲထိုးပွဲ။

* အပြိုင်နွှဲလို့ ထိုးကြမည်
စည်းလုံးဟန်ချက်ညီ။
ကောက်ညှင်း ပဲဆီ ရောလို့စပ်
ဆားလည်းပါတယ်မှတ်။

* ရောစပ်ကြတဲ့ အထဲမှာ
ချင်း နှမ်း မြေပဲပါ။
အချိုးညီစွာ ပေါင်းစပ်က
အရသာရှိပေစွ။

* ပေါက်ပန်းအလှ နီရဲကာ
ဆောင်းလမင်္ဂလာ။
ပြည်မြန်မာတွင် နယ်စုံနွှဲ
စည်ကား ပျော်ရွှင်ပွဲ။

* ဖွဲ့ လုံ့လနှင့် ကြိုးပမ်းမည်
အောင်ပွဲပန်းတိုင်ဆီ။
တက်ညီလက်ညီ ရှိပါပေ့
အောင်ပွဲရမည်လေ့။

* မြန်မာ့ဓလေ့ အစဉ်လာ
ထိန်းသိမ်းစောင့်ရှောက်လာ။
ထမနဲပွဲ ပမာပြု
ညီညွတ်ပြည်ထောင်စု။
လက်တွဲတည်ထောင်ပြု။
စည်းလုံး အောင်မြင်မှု။ ။

**အောင်နိုင်သူ(ဇွဲကပင်)**

**မြဝတီရုပ်မြင်သံကြားအစီအစဉ်** (၁၄-၂-၂၀၂၅(သောကြာနေ့))

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ မြတ်ဗုဒ္ဓ၏သာသနာ
၆။ ၁၂:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၇။ ၁၃:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး
၈။ ၁၄:၀၀ ပန်းပေါင်းစုံစွာ အနုပညာ
၉။ ၁၅:၀၀ မြန်မာသံစဉ် ချိုနားဝင်
၁၀။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှား အားကစား
၁၁။ ၁၇:၀၀ သီချင်းလက်ဆောင်
၁၂။ ၁၈:၃၀ မွေးမြူသုတ
၁၃။ **၁၉:၀၀ တောင်ပိုင်းပိုး လမ်းမသစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၃/၄)**

# မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံနှင့်အဖွဲ့ကို နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ကမ္ဘာပေါ်တွင် E-Sports အားကစားအဖွဲ့ချုပ်ပေါင်း ၁၄၄ ခုရှိသည့်အနက် မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ကို ဒုတိယအကောင်းဆုံးအားကစားအဖွဲ့ချုပ်အဖြစ် သတ်မှတ်ခြင်းခံရမှု၊ ပြိုင်ပွဲများများ ကျင်းပပေးနိုင်ပါက စိတ်ပါဝင်စားသူ ပိုမိုများပြားလာပြီး လူငယ်များကျယ်ကျယ်ပြန့်ပြန့်ကစားလာစေရန်အတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အများပြည်သူများအနေဖြင့် E-Sports အားကစားနည်းကို အားကစားနည်းတစ်ခုအဖြစ် မြင်လာအောင် စည်းမျဉ်း/စည်းကမ်းများနှင့် Technical Hand Book များကို စနစ်တကျရေးဆွဲပြီး ဖြန့်ဝေပေးသွားရန်လိုကြောင်း၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် E-Sports အားကစားနည်းကို နိုင်ငံတကာမှ အသိအမှတ်ပြုလက်ခံထားသည့် အားကစားပြိုင်ပွဲတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်နားလည်သဘောပေါက်လာစေရန် ဟောပြောပွဲများတွင် အသိပညာပေး ဟောပြောနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ဆက်လက်၍ အားထည့်ပြီး ကြိုးစားပေးသွားရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက်ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဌ၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၅°C | / | ၃၄°C |
| ရန်ကုန် | ၁၉°C | / | ၃၅°C |
| မန္တလေး | ၁၉°C | / | ၃၆°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ လမ်းအသုံးပြုခ ကောက်ခံနေသည့် တိုးဂိတ်များနှင့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (မိတ္ထီလာ-ကလောလမ်းပိုင်း)လမ်းလုပ်ငန်းဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) ရှိ ပန်းတင်မီနီတိုးဂိတ်၊ ပေပင်လေးမီနီတိုးဂိတ်နှင့် သီးကုန်းတိုးဂိတ်တို့မှ နေ့စဉ် လမ်းအသုံးပြုခကောက်ခံနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကောက်ခံရရှိမှုစာရင်းဇယားများရေးသွင်းရာတွင် ရုံးချုပ်မှ သတ်မှတ်ထားသည့်ပုံစံအတိုင်း လိုက်နာဆောင်ရွက်ရေးတာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားကာ သီးကုန်းတိုးဂိတ်ဝန်ထမ်းများ နေထိုင်သည့် ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်အမှတ် (၂၀/၅)နှင့်(၂၀/၆)အကြား(သာစည်-နန့်ပန်တက်လမ်းပိုင်း)တွင် လမ်းအနိမ့်အမြင့်ညှို၍ကတ္တရာရေပိတ်လွှာ လောင်းခြင်း၊ မိုင်တိုင်အမှတ် (၂၇/၁)နှင့် (၂၇/၂)အကြား (သာစည် -ဘုရားငါးဆူလမ်းဆုံ)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျွဲတပ်ဆုံရှိ BOT စနစ်ဖြင့် လမ်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် တောင်ပေါ်ဒေသလမ်းဆောက်လုပ်ရေးကုမ္ပဏီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက လမ်းပျက်စီးမှုများကို ပြုပြင်ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုသုံးစွဲစေရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်အမှတ် (၄၀/၁)နှင့်(၄၀/၂) အကြား လမ်းသားပွံ့ကျမှု၊ မိုင်တိုင်အမှတ် (၄၀/၇)နှင့်(၄၁/၁)အကြား လမ်းအနိမ့်အမြင့်ညှို၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ မိုင်တိုင်အမှတ် (၄၃/၄)နှင့် (၄၃/၅)အကြား လမ်းသားပွံ့ကျနေမှုကို ပြုပြင်ခြင်းလုပ်ငန်း၊ မိုင်တိုင်အမှတ် (၄၅/၃) နှင့် (၄၅/၄)အကြား ကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း၊ မိုင်တိုင်အမှတ် (၄၇/၁)မှ (၄၇/၅)အထိ (မြစ်ဆုံကွေ့)တွင် သဘာဝဘေးအန္တရာယ်ကြောင့် လမ်းသားပွံ့ကျနေမှုကို မြေထိန်းနံရံတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်အမှတ် (၄၈/၁)နှင့် (၄၈/၃) အကြား ကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းနှင့် မြင့်နေသောလမ်းသားအားတူး၍ အနိမ့်အမြင့်ညှိပြီး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ မိုင်တိုင်အမှတ်(၆၅/၇)နှင့်(၆၆/၁)အကြား သဘာဝဘေးအန္တရာယ်ကြောင့် လမ်းသားပွံ့ကျနေမှု မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ၊ မိုင်တိုင်အမှတ် (၇၁/၂)နှင့် (၇၁/၃)အကြား ကလောမြို့အဝင်လမ်းသားပွံ့ကျနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထပ်မံမပြိုကျစေရေး စီမံဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာမြင်းစီးနှင့် နိုင်ငံတကာမြင်းစီးအားကစားပြိုင်ပွဲ မြင်းစီးအားကစားသမား ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာ့ရိုးရာမြင်းစီးအားကစားကော်မတီ၏ ပံ့ပိုးမှုဖြင့်ကျင်းပသည့် (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြည်ထောင်စုတံခွန်စိုက်ဖလား မြန်မာ့ရိုးရာမြင်းစီးနှင့် နိုင်ငံတကာမြင်းစီးအားကစားပြိုင်ပွဲများကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မြင်းစီးအားကစားကွင်း၌ကျင်းပရာ မြင်းစီးအားကစားသမား ၁၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌများက ပြိုင်ပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အားကစားဝါသနာရှင်များက ပထမနေ့ပြိုင်ပွဲဒုန်း(ပိုနီတန်း)၊ ဒုန်း(အငယ်တန်း)၊ ဒုန်း(အလတ်တန်း)၊ ဒုန်း(အကြီးတန်း)၊ အသက် ၁၄ နှစ်အောက် Show Jumping ၊ အသက် ၁၄ နှစ်မှ ၁၈ နှစ် Show Jumping ပြိုင်ပွဲများကိုကြည့်ရှုအားပေးကြသည်။

အဆိုပါရိုးရာမြင်းစီး အားကစားပြိုင်ပွဲတွင် ဒုန်းအကြီးတန်း၊ ဒုန်းအလတ်တန်း၊ ဒုန်းအငယ်တန်း၊ ဒုန်း Pony၊ မြန်မာ့ရိုးရာအသားကျ၊ ရိုးရာခေးရေးပြိုင်ပွဲ၊ ရိုးရာစက်ထိုးစီးနင်းပြိုင်ပွဲ (Tent Pegging) စသည့်အမျိုးအစားများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ မြင်းစီးအားကစားပြိုင်ပွဲတွင် Children တန်းခုန်ပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် Junior တန်းခုန်ပြိုင်ပွဲ(အသက် ၁၄ နှစ်နှင့် ၁၈ နှစ်အတွင်း)၊ Youth တန်းခုန်ပြိုင်ပွဲ (အသက် ၁၆ နှစ်နှင့် ၂၁ နှစ်အတွင်း)၊ Senior တန်းခုန်ပြိုင်ပွဲ(အသက် ၂၁ နှစ်အထက်)၊ Cross Country အလွတ်တန်း (အသက် ၁၆ နှစ်အထက်)တို့ပါဝင်ပြီး ဖေဖော်ဝါရီလ ၁၆ ရက်ထိကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။

ဝန်းရံခ

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ စတုတ္ထနေ့မြင်ကွင်းပုံရိပ်များ





















# ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေး ဆွေးနွေး



နေပြည်တော်  ဖေဖော်ဝါရီ ၁၃

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အွန်လိုင်းလိမ်လည်မှုဆိုင်ရာမှုခင်းများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ အွန်လိုင်းလောင်းကစားနှင့် မူးယစ်ဆေးဝါးကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံ ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ နိုင်ငံရေး သိပ္ပံနှင့် ဥပဒေတက္ကသိုလ်သို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်အနေဖြင့် ဂုဏ်ထူးဆောင် ပါမောက္ခတစ်ဦးအနေဖြင့် လာရောက်သင်တန်းပို့ချ ပေးနိုင်ရေးနှင့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း ကျောင်း(LAC)တွင် ဖွင့်လှစ်သင်ကြားပေးနေသည့် သင်တန်းများ၊ ဥပဒေ ဒီပလိုမာသင်တန်းများအတွက် လိုအပ်သောအကူအညီများ ပေးအပ်ရေးနှင့်စပ်လျဉ်း ၍လည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန်  ဖေဖော်ဝါရီ ၁၃

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ သင်တန်းကျောင်းတာဝန်ခံများက သင်တန်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ပနိုင်ငံသို့သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားစာရင်းများရရှိနိုင်ရေး၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို စနစ်တကျ မှတ်ပုံတင်ထားရှိနိုင်ရေးတို့အတွက် ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ် (Overseas Worker Identification Card– OWIC) များ၏အချက်အလက်များ လုံခြုံမှုရှိအောင် ထိန်းသိမ်းကြရန် မှာကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် အထည်ချုပ် အခြေခံသင်တန်းဖွင့်လှစ်ပို့ချနေမှု၊ EPS အစီအစဉ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုနေမှု၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့်မြန်မာအလုပ်သမားများအတွက် လုပ်ငန်းခွင်အကြိုသင်တန်း ဖွင့်လှစ်ပို့ချ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရောက်ရှိအလုပ်လုပ်ကိုင်ကြမည့် နိုင်ငံ၏စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို လေးစားလိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အခက်အခဲ ကြုံတွေ့လာပါက သက်ဆိုင်ရာ မြန်မာသံရုံးသို့ အကူအညီတောင်းခံကြရန် မှာကြားပြီး သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်ပြား (OWIC) ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးပြီး အလုပ်သမားများထံသို့ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (OWIC)များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဗဟို)

# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ



မန္တလေး  ဖေဖော်ဝါရီ ၁၃

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာကသိရှိစေရန် UNESCO ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် သနပ်ခါးနှင့်ပတ်သက်၍ အများပြည်သူ၏သဘောထားစစ်တမ်းကောက်ခံခြင်းကို ဆောင်ရွက်လျက်ရှိပြီး မတ်လမတိုင်မီ ယူနက်စကိုသို့တင်ပြသွားနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှသိရသည်။

အဆိုပါမြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုရေးကို ၂၀၂၀ ပြည့်နှစ်က ဆောင်ရွက်ခဲ့ရာ လိုအပ်ချက်များနှင့်အများပြည်သူပါဝင်သည့် အထောက်အထားများထပ်မံဖြည့်ဆည်း၍ ယခုနှစ်တွင် ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပြီး တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ထားသည်ဟုဆိုသည်။

"တပို့တွဲလပြည့်နေ့ဖြစ်တဲ့ ဖေဖော်ဝါရီလ ၁၂ ရက်မှာ မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ်လှုပ်ရှားမှုတွေ မန္တလေးမှာလုပ်ပါတယ်၊ သနပ်ခါးကိုဆေးအဖြစ်သုံးတာလား၊ အလှအပအတွက်သုံးတာလား၊ ဘယ်လိုအသုံးဝင်တယ်၊ သနပ်ခါးကို အသက်ကြီးငယ်မရွေးသုံးစွဲတဲ့အကြောင်းနဲ့ယူနက်စကိုအသိအမှတ်ပြုရဖို့ သဘောတူကြောင်း အများပြည်သူရဲ့ သဘောထားစစ်တမ်းကောက်ယူပါတယ်။ QR code ကို Scan ဖတ်ပြီး လူမှုကွန်ရက်ကနေ သဘောထားမှတ်ချက်ပေးလို့ရအောင် ဆောင်ရွက်ကြပါတယ်"ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအများပြည်သူတို့၏သဘောထားစစ်တမ်းကောက်ခံချက်များကို ယူနက်စကိုအဖွဲ့အစည်းသို့ တင်ပြသွားမည်ဖြစ်ပြီး သနပ်ခါးနှင့်ပတ်သက်သည့်သဘောထားစစ်တမ်းကောက်ယူမှုများကိုရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနခွဲများအလိုက် ဆောင်ရွက်လျက်ရှိရာ တပို့တွဲလပြည့်နေ့က မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်နှင့်အောင်မြေသာစံမြို့နယ်ရှိ ရွှေနန်းတော်ကျောင်းတို့တွင် အများပြည်သူပိုမိုသိရှိပြီးပူးပေါင်းပါဝင်လာစေရန်အတွက်မြန်မာ့သနပ်ခါးနေ့ အထိမ်းအမှတ်အဖြစ် သနပ်ခါးလိမ်းခြယ်ခြင်းနှင့်သဘောထားစစ်တမ်းကောက်ယူခြင်းလှုပ်ရှားမှုများကိုရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

"မြန်မာ့အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို အသိအမှတ်ပြုမှုရခဲ့သလို ရှေးအစဉ်အလာကတည်းက သုံးစွဲခဲ့တဲ့ မြန်မာတို့ရဲ့ သနပ်ခါးယဉ်ကျေးမှုဓလေ့ကိုလည်း ယူနက်စကိုက အသိအမှတ်ပြုဖို့လုပ်နေတာသိရလို့ ထောက်ခံကြိုဆိုပါတယ်။ ကျွန်မတို့ မြန်မာအမျိုးသမီးတွေ အမြတ်တနိုးနဲ့ လိမ်းခြယ်နေတဲ့သနပ်ခါးကို ကမ္ဘာကသိရှိစေဖို့ ယူနက်စကိုရဲ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်စေချင်ပါတယ်။ ကျွန်မဆိုရင် သနပ်ခါးကို မနက်မိုးလင်းတာနဲ့လိမ်းတယ်။ မြန်မာ့ယဉ်ကျေးမှုလည်းဖြစ်ပြီး အလှအပအတွက်ရော ကျန်းမာရေးအတွက်ပါ ဆေးဖက်ဝင်တယ်ဆိုတာ လူတိုင်းသိပါတယ်"ဟု မန္တလေးမြို့မှ ရွှေနန်းတော်ကျောင်းသို့ လာရောက်သည့် ဒေါ်အိဖြိုးဝေက ပြောသည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုမှ အသိအမှတ်ပြုရေးဆောင်ရွက်ရန် အများပြည်သူပူးပေါင်းပါဝင်မှုရှိကြောင်းနှင့် သနပ်ခါးသုံးစွဲမှုနှင့်ပတ်သက်၍ မိမိတို့၏သဘောထားများ ဖြည့်ဆည်းရာ၌ သနပ်ခါးသုံးစွဲသည့် အကြောင်းရင်းနှင့် ယူနက်စကိုအသိအမှတ်ပြုရေးတွင် ပူးပေါင်းပါဝင်သဘောတူကြောင်းတို့ကို ဖြည့်စွက်ပေးရမည်ဖြစ်ကြောင်း၊ မြန်မာ့သနပ်ခါးနေ့အဖြစ်သတ်မှတ်ထားသည့် တပို့တွဲလပြည့်နေ့တွင် မန္တလေးမြို့နန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်နှင့် ရွှေနန်းတော်ကျောင်းတို့တွင် သနပ်ခါးများ၊ ကျောက်ပျဉ်များနှင့် မှန်များထားရှိပြီး လာရောက်သူများအား သနပ်ခါးလိမ်းခြယ်စေခြင်းနှင့် QR Scan ဖတ်၍ ၎င်းတို့၏ သဘောထားစစ်တမ်းများကောက်ယူခြင်းတို့ကိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ပိုက်ဆန်လျှော် သစ်စိမ်းမြေသြဇာအကြောင်း သိကောင်းစရာများ

အိအိဖြိုး

ယနေ့အချိန်အခါတွင် ရာသီဥတုပြောင်းလဲလာမှုများ လျင်မြန်စွာဖြစ်ပေါ်လျက်ရှိရာ သဘာဝအရင်းအမြစ်များဆုံးရှုံးမှုကို ရင်ဆိုင်ကြုံတွေ့နေရသောကြောင့်စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကိုထိခိုက်စေပါသည်။ အနာဂတ်လူသားတို့၏စားနပ်ရိက္ခာဖူလုံစေရေးအတွက် စဉ်ဆက်မပြတ်စိုက်ပျိုးထုတ်လုပ်မှုကိုရရှိရန် စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရေးသည် အရေးကြီးလှပါသည်။

နိုင်ငံတကာတွင် စိုက်ပျိုးရေးလုပ်ငန်းများ၌ အသုံးပြုရသော ဓာတ်မြေသြဇာများ ထုတ်လုပ်မှုကျဆင်းလာခြင်းကြောင့် ဓာတ်မြေသြဇာများ ရှားပါးခြင်း၊ သယ်ယူပို့ဆောင်မှုအခက်အခဲများကြောင့် ဓာတ်မြေသြဇာများ ဈေးနှုန်းမြင့်တက်ခြင်းနှင့် အလွယ်တကူဝယ်ယူ၍မရသော ပြဿနာများနှင့် ရင်ဆိုင်နေရပါသည်။

ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် မြေဆီလွှာအရည်အသွေးကောင်းမွန်ပြီး အပင်အာဟာရဓာတ်လုံလောက်စွာရရှိရေးမှာ အရေးကြီးလှပါသည်။ အပင်အာဟာရဓာတ် လုံလောက်မျှတစွာရနိုင်မှသာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်နိုင်မည်ဖြစ်ပါသည်။ နွားချေးနှင့် သစ်ဆွေးမြေသြဇာများသုံးစွဲခြင်း၊ သီးနှံ ရိတ်သိမ်းပြီး အပင်အကြွင်းအကျန်များကို မြေသို့ပြန်လည်ထည့်သွင်းပေးခြင်းအားဖြင့် မြေဆီလွှာပြုန်းတီးခြင်းနှင့်အပင်အာဟာရဓာတ်များ လျော့နည်းဆုံးရှုံးခြင်းတို့ကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

သီးနှံအထွက်နှုန်းများ တည်ငြိမ်တိုးတက်စေရန်နှင့် စိုက်ပျိုးသူတောင်သူများ အမြတ်အစွန်းရရှိနိုင်ရန်အတွက် မြေသားဖွဲ့စည်းတည်ဆောက်မှုကို ကောင်းမွန်စေသည့် ထွန်ယက်စိုက်ပျိုးမှုပုံစံနှင့် သီးနှံပင်အကြွင်းအကျန်များ မြေတွင်းသို့ ပြန်လည်ထည့်သွင်းစိုက်ပျိုးခြင်းကို ဆောင်ရွက်ရန်လိုအပ်လာပါသည်။ ထို့ပြင် အပေါ်ယံမြေသားများ တိုက်စားပျက်စီးဆုံးရှုံးခြင်းများကို ကာကွယ်ပေးခြင်း၊ သစ်ဆွေးဓာတ်များ လုံလောက်အောင် ထည့်သွင်းပေးခြင်းနှင့် မြေဆီလွှာအတွင်းရှိ အကျိုးပြုဇီဝသက်ရှိများနှင့် အပင်အာဟာရဓာတ်လှည့်ပတ်မှုပုံစံ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းများကို အဓိကထား၍လည်း ဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သစ်စိမ်းမြေသြဇာစိုက်ပျိုးခြင်းသည်လည်း နည်းလမ်းတစ်ခုအဖြစ် ပါဝင်လျက်ရှိပါသည်။

**သစ်စိမ်းမြေသြဇာ**

သစ်စိမ်းမြေသြဇာဆိုသည်မှာ အကြီးမြန်ဆွေးမြည့်လွယ်၍ ဇီဝဒြပ်ထု(Biomass) အထွက်များများရရှိသော အပင်မျိုးဖြစ်သည့်အတွက်ကြဲပက်စိုက်ပျိုးကာ ထယ်ထိုးမြေမြှုပ်ခြင်းအားဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများကို ပြောင်းလဲပေး၍ မြေဆီလွှာ၏ အာဟာရဓာတ်ကို ဖြည့်တင်းပေးသော သဘာဝမြေသြဇာပင် ဖြစ်ပါသည်။



သီးနှံများမစိုက်ပျိုးမီ သို့မဟုတ် သီးနှံရိတ်သိမ်းပြီး ခေတ္တမြေလှပ်ချိန်တွင် အကြီးမြန်သော ပဲမျိုးရင်းဝင်အပင်များကို ကြဲပက်စိုက်ပျိုးထားပြီး ပန်းမပွင့်မီအချိန်တွင် ထယ်ထိုးမြေမြှုပ်ပေးခြင်းဖြင့် နောက်စိုက်ပျိုးမည့်သီးနှံအတွက် လိုအပ်သော နိုက်ထရိုဂျင်ဓာတ်၊ ဖော့စပရပ်စ်ဓာတ်၊ ပိုတက်ရှ်ဓာတ်များနှင့် သစ်ဆွေးဓာတ် (Organic Matter)များကို ရရှိစေပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကို သစ်စိမ်းမြေသြဇာကျွေးခြင်း (Green Manuring) ဟု ခေါ်ဆိုပါသည်။ သစ်စိမ်းမြေသြဇာအဖြစ် ပဲမျိုးရင်းဝင်အပင်များဖြစ်သည့် ပဲလွမ်း၊ ပဲတီစိမ်းနှင့် မတ်ပဲစသည်တို့အပြင် ပိုက်ဆန်လျှော်၊ ဆူးမဲ့ထိကရုံး (Mimosa)အစရှိသည်တို့ကို သစ်စိမ်းမြေသြဇာအပင်များအဖြစ် အသုံးပြုနိုင်ပါသည်။

**ပိုက်ဆန်လျှော်ပင်သစ်စိမ်းမြေသြဇာအဖြစ် စိုက်ပျိုးခြင်း**

သစ်စိမ်းမြေသြဇာပင်အမျိုးမျိုးအနက် အပင်အကြီးမြန်၍ စိုက်ပျိုးရအလွယ်ကူဆုံးအပင်သည် ပိုက်ဆန်လျှော်ပင်ဖြစ်ပါသည်။ ပိုက်ဆန်လျှော်ကို အခြားသီးနှံများ မစိုက်ပျိုးမီ သစ်စိမ်းမြေသြဇာအဖြစ် စိုက်ပျိုးနိုင်ပါသည်။ ပိုက်ဆန်လျှော်၏ အင်္ဂလိပ်အမည်မှာ Sunn hemp ဖြစ်ပြီး သိပ္ပံအမည်မှာ Crotalaria juncea ဖြစ်ပါသည်။ ပိုက်ဆန်လျှော်ပင်သည် အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများအတွက် သစ်စိမ်းမြေသြဇာပင်အဖြစ် လူသိများသော ပဲမျိုးရင်းဝင် အပင်တစ်မျိုးဖြစ်ပါသည်။

အစိုဓာတ်လုံလောက်ပါက မည်သည့်မြေအမျိုးအစားတွင်မဆို ကောင်းစွာ ပေါက်ရောက်ရှင်သန်နိုင်သော အပင်ဖြစ်ပါသည်။ အလင်းရောင်ကို တုံ့ပြန်မှုရှိပြီး နေ့တာရှည်ကာလများရရှိပါက အပင်ပိုင်းကြီးထွားမှုကြာရှည်စေသော အပင်မျိုးဖြစ်ပါသည်။

ပိုက်ဆန်လျှော် သစ်စိမ်းမြေသြဇာအဖြစ် အသုံးပြုရန် အတန်းလိုက် (၁’x၄”) စိုက်စနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့ ၂ ဒသမ ၅ ပြည်နှုန်း၊ ကြဲပက်စိုက်ပျိုးလျှင် ၄ – ၆ ပြည်နှုန်း သုံးစွဲရပါမည်။ မျိုးစေ့များကို မြေအနက် ၆–၈ လက်မခန့်ထိ မြေချစိုက်ပျိုးရပါမည်။

ပုံမှန်အားဖြင့် စပါးအခြေခံသီးနှံပုံစံများတွင် လယ်မြေများ၌ မိုးစပါးရိတ်သိမ်းပြီးနောက် ထယ်တစ်စပ်၊ ထွန်တစ်စပ်ဝင်ပြီး မျိုးစေ့ကိုညီညာအောင် ကြဲပက်ရပါသည်။ ထို့နောက် ထွန်တစ်စပ်ဖြင့် ပြန်ဖုံးပေးရပါသည်။ စိုက်ပျိုးပြီး ထယ်ထိုးနစ်မြှုပ်ရမည့်အချိန်သည် အထူးအရေးကြီးပါသည်။

မိုးရေကိုသာ အားကိုးစိုက်ရသော ကုန်းပိုင်းယာမြေများတွင်မိုးသီးနှံမစိုက်ပျိုးမီ ကြဲပက်စိုက်ပျိုးထားပါက အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း ထယ်ထိုးမြေမြှုပ်ပေးရပါသည်။ လယ်မြေများတွင် မိုးစပါးရိတ်သိမ်းပြီးနောက် နွေသီးနှံမစိုက်ပျိုးမီ ပိုက်ဆန်လျှော်မျိုးစေ့ကြဲပက်၍ အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း သစ်စိမ်းမြေသြဇာအဖြစ် ထယ်ထိုးမြေမြှုပ်ပေးလေ့ရှိပါသည်။

နွေသီးနှံရိတ်သိမ်းပြီးနောက် မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆန်လျှော်မျိုးစေ့ကြဲပက်၍လည်း အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း သစ်စိမ်းမြေသြဇာအဖြစ် ထယ်ထိုးမြေမြှုပ်ပေးလေ့လည်း ရှိပါသည်။ အပင်၏အစိတ်အပိုင်းများကို အစိမ်းအတိုင်းထယ်ထိုး၍ မြေမြှုပ်ပြီး ၁၀ ရက်မှ ၁၄ ရက်အကြာတွင် ကောင်းစွာဆွေးမြည့်ပြီးမှသာ နောက်သီးနှံစိုက်ပျိုးသင့်ပါသည်။ ကောင်းစွာ ဆွေးမြည့်သွားသည့်အခါ မြေဆီလွှာအားဖြည့်ပေးသော မြေသြဇာအဖြစ်ရရှိမည်။

ပိုက်ဆန်လျှော်၊ ပဲလွမ်းနှင့် မတ်ပဲတို့၏ အပင်သက်တမ်းအလိုက် ထယ်ထိုးမြေမြှုပ်ခဲ့ရာ မြေတွင်း၌ရရှိသော အာဟာရဓာတ်ပါဝင်မှုများကို အောက်ပါအတိုင်း ဓာတ်ခွဲစစ်ဆေးခြင်းရလဒ်အဖြစ် တွေ့ရှိရပါသည်။

**ပိုက်ဆန်လျှော်သစ်စိမ်းစိုက်ပျိုး၍ မြေမြှုပ်ပေးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

(၁) မြေဆီလွှာအတွင်းရှိ အစိုဓာတ်ကို ထိန်းသိမ်းပေးသည်သာမက သစ်ဆွေးဓာတ်ကိုလည်း တိုးတက်စေကာ မြေသားဖွဲ့စည်းမှုကိုလည်း တိုးတက်ကောင်းမွန်စေပါသည်။

(၂) လေထုထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေးသည့်အတွက် မြေဆီလွှာအတွင်း နိုက်ထရိုဂျင်ဓာတ်ဖြည့်တင်းပေးရာရောက်ပါသည်။

(၃) မြေဆီလွှာအတွင်းရှိ အပင်အာဟာရဓာတ်များကို မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးခြင်းမှ ကာကွယ်ပေးသည်။

(၄) မြေဆီလွှာတိုက်စားမှုကို လျော့နည်းစေပြီး အပေါ်ယံမြေလွှာများပျက်စီးမှုကို ကာကွယ်ပေးပါသည်။


(၅) မြေညံ့များတွင်စိုက်ပျိုးပြီး ထွန်ယက်မြေမြှုပ်ပေးပါက မြေဆီအရည်အသွေးကို တိုးတက်စေပါသည်။

သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)ကို သုံးစွဲခြင်းသည် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာဂုဏ်သတ္တိ၊ ဓာတုပိုင်းဆိုင်ရာဂုဏ်သတ္တိနှင့် ဇီဝပိုင်းဆိုင်ရာဂုဏ်သတ္တိများ တိုးတက်ရေးနှင့် ပျက်စီးနေသောမြေဆီလွှာနှင့် သစ်ဆွေးဓာတ်လျော့နည်းနေသော မြေဆီလွှာများ၊ မြေချဉ်ငန်ကိန်း မြင့်လွန်းသော အပူပိုင်းဒေသ မြေဆီလွှာများပြုပြင်ရန်အတွက် သုံးစွဲရန်အထူးသင့်လျော်ပါသည်။ သက်တမ်းတိုတိုနှင့် ကြီးထွားနှုန်းမြန်ဆန်၍ မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်နှင့် နိုက်ထရိုဂျင်ပမာဏများများ ဖြည့်တင်းပေးသည့်အပြင် အကုန်အကျသက်သာသည့် ပိုက်ဆန်လျှော်ကိုဝင်ငွေရသီးနှံများ မစိုက်မီသစ်စိမ်းမြေသြဇာအဖြစ် နှစ်စဉ်စိုက်ပျိုးသင့်ပါကြောင်း သိရှိနိုင်ပါရန် ရေးသားတင်ပြအပ်ပါသည်။ ။

**သစ်စိမ်းမြေသြဇာ အပင်အမျိုးမျိုးတွင် ထယ်ထိုးနစ်မြှုပ်သော အပင်သက်တမ်းအလိုက် မြေမှနိုက်ထရိုဂျင်ဓာတ်ရရှိမှုအခြေအနေ**

| သစ်စိမ်းပင် | ထယ်ထိုးသည့် အပင်သက်တမ်း | မြေမှရရှိသည့်အာဟာရဓာတ် | | |
| --- | --- | --- | --- | --- |
| | | နိုက်ထရိုဂျင် | ဖော့စပရပ်စ် | ပိုတက်ရှ် |
| ပိုက်ဆန်လျှော် | ၄၅ | ၈၆ | ၁၁ | ၄၈ |
| ပိုက်ဆန်လျှော် | ၆၅ | ၄၂ | ၈ | ၁၉ |
| ပဲလွမ်း | ၄၅ | ၇၄ | ၁၁ | ၂၈ |
| ပဲလွမ်း | ၇၅ | ၃၀ | ၇ | ၁၅ |
| မတ်ပဲ | ၄၅ | ၅၆ | ၁၀ | ၂၅ |
| မတ်ပဲ | ၇၅ | ၃၆ | ၅ | ၁၂ |

# အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅) ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၃

အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ (National Renewable Energy Committee–NREC)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇)ရဲ့ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့်တာဝန်ရှိသူများ၊ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ် (National Grid)နှင့်ချိတ်ဆက်၍ ဓာတ်အားထုတ်လုပ်သည့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်းတပ်ဆင်အင်အား ၆၅၂၀ မဂ္ဂါဝပ်ဖြစ်ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် စွမ်းအင်အမျိုးအစားပါဝင်မှု၌ ရေအားလျှပ်စစ်မှ ၅၀ ရာနှုန်း၊ သဘာဝဓာတ်ငွေ့မှ ၄၃ ရာနှုန်း၊ ကျောက်မီးသွေးမှ နှစ်ရာနှုန်း၊ ဆိုလာမှ လေးရာနှုန်းနှင့် ဒီဇယ်မှ တစ်ရာနှုန်းတို့ကို ထုတ်လုပ်လျက်ရှိကြောင်း၊ ယင်းတွင် နိုင်ငံတော်ဓာတ်အားစနစ်နှင့်ချိတ်ဆက်ထားသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရှစ်ရုံရှိပြီး စုစုပေါင်း တပ်ဆင်စက်အင်အား ၂၄၀ မဂ္ဂါဝပ်ရှိကြောင်း၊ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၅ ရာနှုန်းခန့်တိုးတက်လျက်ရှိသဖြင့် လက်ရှိအချိန်အထိ လျှပ်စစ်ဓာတ်အားရရှိမှု အချိုး(Electrification Ratio) ၆၈ ဒသမ ၆၉ ရာနှုန်းကျော် ရရှိသုံးစွဲနေပြီဖြစ်ကြောင်း၊ ထုတ်လုပ်မှုကို ကာမိစေရန် တည်ဆောက်ဆဲစီမံကိန်း ၁၀ ခုမှ စုစုပေါင်း တပ်ဆင်စက်အင်အား ၁၀၂၆ မဂ္ဂါဝပ်ရှိသော်လည်း အခက်အခဲများကြောင့် အကောင်အထည်ဖော်မှု နှောင့်နှေးနေကြောင်း။

ထို့ပြင် အကူအညီ/ အထောက်အပံ့အနေဖြင့် တရုတ်နိုင်ငံမှ တစ်ဘီလီယံဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရောင်ခြည်စွမ်းအင်သုံးစီမံကိန်း လေးခု၊ စုစုပေါင်း ၁၉၀ မဂ္ဂါဝပ် တည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အလားတူပင် အိန္ဒိယနိုင်ငံ၏ အမေရိကန်ဒေါ်လာ နှစ်သန်းထက်မပိုသော အသေးစား ဖွံ့ဖြိုးမှုစီမံကိန်းအောက်မှ နေပြည်တော် ဗဟိုသင်တန်းကျောင်း အဆောက်အအုံတွင် Rooftop နှင့် Ground Mounted Solar ၇၀၀ ကီလိုဝပ်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက်အောက်မှ စီမံကိန်းတစ်ခုစီအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဖြင့် ဆောင်ရွက်နိုင်မည့် နေပြည်တော် ဗဟိုသင်တန်းကျောင်း အဆောက်အအုံတွင် Rooftop Solar ၂၅ ကီလိုဝပ်နှင့် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနရုံးအဆောက်အအုံတွင် ၂၅ ကီလိုဝပ်တို့ကို ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် အိန္ဒိယနိုင်ငံဘက်သို့ အဆိုပြုထားရှိကြောင်း၊ NREC ၏ ကြိုးပမ်းဆောင်ရွက်မှုများသည် လျှပ်စစ်ကဏ္ဍတွင် ပြန်ပြည့်မြဲစွမ်းအင်မှ ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရေးနှင့် Green Growth ၊Green Energy၊ Green Economy ဖြစ်စေရေးတွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိနေခြင်းလည်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံအတွင်း Solar စီမံကိန်းများကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်နိုင်ရေး ဒေသအလိုက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းနှင့် NREC ကော်မတီ၏အနာဂတ်ရည်မှန်းချက်များအတွက် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးကို ကော်မတီဝင်များ၏ ဆွေးနွေးမှုများမှ ကောင်းမွန်သောရလဒ်များရရှိမည်ဟုယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် NREC အထောက်အကူပြုလုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အစီအမံများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အာဆီယံဒေသတွင်း မူဝါဒအညွှန်းကိန်းများအရ အကောင်အထည်ဖော်ခြင်းဖြင့် ပြည်တွင်း MSME ထုတ်ကုန်များ၏ဖွံ့ဖြိုးမှုကို အားပေးမြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၃

အာဆီယံဒေသတွင်း မူဝါဒအညွှန်းကိန်းများအရ အကောင်အထည်ဖော်ခြင်းဖြင့် ပြည်တွင်း MSME ထုတ်ကုန်များ၏ဖွံ့ဖြိုးမှုကို အားပေးမြှင့်တင်ခြင်းဆိုင်ရာဆွေးနွေးပွဲ ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပလျက်ရှိသည့် ဥပ္ပါတသန္တိစေတီအနီးရှိ တပေါင်းကွင်း ယာယီကွပ်ကဲရေးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် MSME Agency ဥက္ကဋ္ဌများ၊ ဆက်စပ်ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အာဆီယံဒေသတွင်း မူဝါဒအညွှန်းကိန်းသည် မိမိတို့နိုင်ငံ၏ MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများကိုပုံဖော်ရန်အတွက် အရေးကြီးသော မူဝါဒမူဘောင်ကိရိယာတစ်ခု (Tool) ဖြစ်ကြောင်း၊ မူဝါဒအကောင်အထည်ဖော်ဆောင်ရွက်သူများအနေဖြင့် MSME လုပ်ငန်းများအတွက် ချမှတ်ထားသည့် မူဝါဒများကို အကဲဖြတ်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကို ပေးဆောင်နိုင်မည်ဖြစ်ကြောင်း။

မူဝါဒနယ်ပယ်တစ်ခုချင်းစီ၌ အကဲဖြတ်အဆင့်များသတ်မှတ်ထားသဖြင့် မိမိတို့ ကျင့်သုံးနေသောမူဝါဒများသည် MSME တိုးတက်မှုအတွက် မည်မျှကောင်းမွန်သည်ကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့် နှိုင်းယှဉ်၍ စွမ်းဆောင်ရည်ကိုအကဲဖြတ်နိုင်ပြီး အကောင်းဆုံးအလေ့အကျင့်များ၊ တိုးတက်မှုနယ်ပယ်များနှင့် ကွာဟချက်များကို ဖော်ထုတ်ပေးနိုင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပြုပံ့ပိုးပေးလျက်ရှိနေသည့် အပြင်မူဝါဒအညွှန်းကိန်းကိုလည်း စိတ်ဝင်တစား စောင့်ကြည့်လေ့လာနေသည့်အတွက် ရလဒ်ကောင်းများကို အာဆီယံနိုင်ငံများနှင့်အတူ အထောက်အထားခိုင်လုံမှန်ကန်စွာ မှတ်တမ်းတင်ခွင့်ရရှိနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အာဆီယံဒေသတွင်း မူဝါဒအညွှန်းကိန်း၌ မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် အချက်အလက်များ တိုးတက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ မူဝါဒအညွှန်းကိန်းပါ အကြံပြုချက်များကို လိုက်နာဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေး၊ အထူးစီးပွားရေးဇုန်များနှင့် ပြည်တွင်း စက်မှုဇုန်များချိတ်ဆက်ဆောင်ရွက်ရေး၊ လုပ်ငန်းနှင့်ပညာရပ် ချိတ်ဆက်ဆောင်ရွက်ရန်၊ GDP တိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ရေးတို့အား လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ဘဏ္ဍာငွေရရှိရေးအတွက် စီမံဆောင်ရွက်နေမှု၊ MSME များအတွက် ချေးငွေထုတ်ချေးပေးနေမှု၊ ချေးငွေထုတ်ချေးပေးနိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ASEAN SME Policy Index (2024) အရ မြန်မာနိုင်ငံ၏ ရလဒ်များနှင့် ASEAN SME Policy Index(2024)၏ အရေးပါမှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် MSME Agency ဥက္ကဋ္ဌများက ASEAN SME Policy Index (2024) အပေါ် ဒေသအလိုက် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခြင်းဆိုင်ရာနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ MSME လုပ်ငန်းရှင်များနှင့် ဆက်လက်ကျင်းပရာ ချေးငွေများအား လုပ်ငန်းရှင်များသို့ အမြန်ဆုံးထုတ်ချေးပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ချေးငွေရရှိရေးအတွက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ချေးငွေရရှိသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များကိုရှင်းလင်းဆွေးနွေးခြင်း၊ လုပ်ငန်းရှင်များ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲရဲ့ဆုချီးမြှင့်ခြင်း အခမ်းအနားမှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု(Digital Transformation)ကို လက်တွေ့ကျကျဆောင်ရွက်တဲ့အနေနဲ့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ချီးမြှင့်ပေးအပ်သွားဖို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည်။ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် MSME လုပ်ငန်းများကိုအထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းပြသ၍ နည်းပညာ၊ အသိပညာများဆွေးနွေးဖြန့်ဝေပေးလျက်ရှိသည့်အပြင် ထုတ်ကုန်ပြိုင်ပွဲ ဆုရရှိသူများကို ဒစ်ဂျစ်တယ်စနစ်အသုံးပြု၍ ဆုများပေးအပ်သွားနိုင်ရေး စီစဉ်လျက်ရှိသည်။ ထိုသို့ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဖေယျနှင့် တွေ့ဆုံမေးမြန်းရေးသားတင်ပြလိုက်ရပါသည်-**




**မေး။ ။(၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲရဲ့ဆုချီးမြှင့်ခြင်းအခမ်းအနားမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက နည်းပညာပိုင်းမှာ ဘယ်လိုတာဝန်တွေယူပြီး ကူညီဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** ။နိုင်ငံတော်အကြီးအကဲက ဒီနေ့ခေတ် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးမှုအရွေ့တွေနဲ့ အမီလိုက်ပါဆောင်ရွက်ဖို့ လမ်းညွှန်ထားတာရှိပါတယ်။ အခု (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲရဲ့ဆုချီးမြှင့်ခြင်း အခမ်းအနားမှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု (Digital Transformation) ကို လက်တွေ့ကျကျ ဆောင်ရွက်တဲ့အနေနဲ့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ချီးမြှင့်ပေးအပ်သွားဖို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ပေးမှာတွေကတော့ LED Board မှာပေါ်လာမယ့် နောက်ခံပြသမှု၊ ဒစ်ဂျစ်တယ်ဆုတံဆိပ်နဲ့ ဒစ်ဂျစ်တယ်ငွေလွှဲပို့လက်ခံမှုဆိုတဲ့ လုပ်ငန်းအပိုင်းသုံးခုမှာ နည်းပညာပံ့ပိုးဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။ ။နည်းပညာပံ့ပိုးမှုကို ဘယ်လိုဖန်တီးဆောင်ရွက်ထားတယ်ဆိုတာရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ။ဆုချီးမြှင့်ခြင်းအခမ်းအနားမှာ စင်ပေါ်က အလျားပေ ၄၀ ၊ အနံပေ ၂၀ ရှိတဲ့ LED Board မှာပေါ်လာမယ့်နောက်ခံပြသမှုကို ပိုင်သွန် (Python)ပရိုဂရမ်ဘာသာစကားနဲ့ရေးသားထားပါတယ်။ အချက်အလက်တွေသိမ်းဆည်းပြီး စီမံခန့်ခွဲမှုစနစ်အနေနဲ့ယုံကြည်စိတ်ချရပြီး စွမ်းဆောင်ရည်ကောင်းတဲ့အတွက် လက်ရှိမှာ ရေပန်းစားနေတဲ့ MySQL (open-source relational database management system) ကို အသုံးပြုထားပြီးတော့အက်ပလီကေးရှင်းကို ငွေပေးချေမှုလုပ်ငန်းစဉ် (Payment Flow) နဲ့ ဆုချီးမြှင့်မှုလုပ်ငန်းစဉ် (Award Distribution Flow) တွေအတွက်ပါ ဒီဇိုင်းရေးဆွဲဖန်တီးတည်ဆောက်ထားတာ ဖြစ်ပါတယ်။













ဒီအက်ပလီကေးရှင်းကို ဆုချီးမြှင့်ချိန်မှာပြသသွားမှာဖြစ်ပြီး Payment Gateway Integration အနေနဲ့ သတ်မှတ်အေပီအိုင် (API-Application Programming Interface)ကို အသုံးပြုသွားမှာဖြစ်ပါတယ်။ ငွေလွှဲပို့လက်ခံမှုအပိုင်းမှာ သတင်းအချက်အလက်လုံခြုံရေးအတွက် Cyber Security ကိုပါ ထည့်သွင်းဆောင်ရွက်ထားပါတယ်။

**မေး။ ။ MSME လုပ်ငန်းရှင်တွေအတွက် ဒစ်ဂျစ်တယ်ငွေလွှဲပို့စနစ်နဲ့ ချီးမြှင့်ပေးအပ်သွားမယ့်အစီအစဉ်ကိုလည်း သိပါရစေ။**

**ဖြေ။** ။ဆုတွေအနေနဲ့ ခုနစ်မျိုး၊ ဆုပေါင်း ၆၃ ဆုကိုချီးမြှင့်သွားမှာဖြစ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုတွေအပါအဝင်အထူးဆုတွေပါ ပါဝင်ပါတယ်။ အသေးစား၊ အလတ်စားနဲ့ အငယ်စားစီးပွားရေးလုပ်ငန်း တစ်မျိုးစီအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုတွေချီးမြှင့်မှာဖြစ်လို့ ပေါင်း ကိုးဆု၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုအတွက် ဒေသတစ်ခုထုတ်ကုန်တစ်ခု အကောင်းဆုံးဆု One Region One Product (OROP)၁၅ဆု၊ အသေးစား စက်မှုလက်မှုလုပ်ငန်းထုတ်ကုန်ဆုတွေအနေနဲ့ စားသောက်ကုန်စံပြထုတ်ကုန်ဆု၊ လူသုံးကုန်စံပြထုတ်ကုန်ဆု၊ ရက်ကန်းထည်စံပြထုတ်ကုန်ဆုနဲ့ လက်မှုထည်စံပြထုတ်ကုန်ဆုဆိုပြီး ချီးမြှင့်မယ့် လေးဆု၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်ဆု ပထမဆု၊ ဒုတိယဆု၊ တတိယဆုတွေချီးမြှင့်မှာဖြစ်လို့ ဆုခြောက်မျိုး၊ ဆုပေါင်း ၃၁ ဆုအတွက် ဂုဏ်ပြုချီးမြှင့်ငွေတွေကို ဒစ်ဂျစ်တယ်ငွေလွှဲပို့လက်ခံတဲ့စနစ်နဲ့ ချီးမြှင့်ပေးအပ်မှာဖြစ်ပါတယ်။

ပထမဆုအတွက်ငွေကျပ်သိန်း ၃၀၊ ဒုတိယဆုအတွက် ငွေကျပ်သိန်း ၂၀၊ တတိယဆုအတွက် ငွေကျပ် ၁၀ သိန်း အသီးသီးချီးမြှင့်သွားမှာဖြစ်ပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေအတွက် စားသောက်ကုန်စံပြထုတ်ကုန်ဆု၊ လူသုံးကုန်စံပြထုတ်ကုန်ဆု၊ ရက်ကန်းစံပြထုတ်ကုန်ဆု၊ လက်မှုထည်စံပြထုတ်ကုန်ဆုတွေအတွက် တစ်မျိုးကို ငွေကျပ် ၁၅ သိန်းစီ ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP) အကောင်းဆုံး ၁၅ ဆုအတွက် တစ်ဆုကို ငွေကျပ်သိန်း ၃၀ စီ ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဆုပေါင်း ၃၁ ဆုအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေါင်း ငွေကျပ်သိန်း ၇၅၀ ချီးမြှင့်ပေးအပ်မှာ ဖြစ်ပါတယ်။







အထူးဆုတွေအနေနဲ့ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းတွေအတွက် အထူးဆု ငါးခုစီဖြစ်လို့ ပေါင်း ၁၅ ဆု၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်ဆုအတွက် ငါးဆု၊ အသေးစားစက်မှုလက်မှုလုပ်ငန်းထုတ်ကုန် ဆုတစ်မျိုးစီအတွက် သုံးဆုစီဖြစ်လို့ ပေါင်း ၁၂ ဆုဖြစ်ပါတယ်။ အဆိုပါအထူးဆုပေါင်း ၃၂ ခုအတွက် ဂုဏ်ပြုကတ်ပြားကိုသာ ချီးမြှင့်မှာဖြစ်ပါတယ်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပေးအပ်မယ့် ဂုဏ်ပြုဆုတံဆိပ် ခြောက်မျိုး အနက်အသေးစား၊ အငယ်စား၊ အလတ်စားနဲ့ OROP ဆုလေးမျိုးကို ဒစ်ဂျစ်တယ်ဆုတံဆိပ် (Digital LED Acrylic Trophy) နဲ့ ချီးမြှင့်ပေးအပ်နိုင်ဖို့ကိုလည်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ဆုရရှိသူအနေနဲ့ ချီးမြှင့်မှုသုံးခုကို လက်ခံရရှိမှာဖြစ်ပါတယ်။

**မေး။ ။ချီးမြှင့်သွားမယ့်ပုံစံကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။LED Board မှာ ဆုရရှိသူကိုကြေညာချိန်မှာ ဒစ်ဂျစ်တယ်ဆုတံဆိပ်ကိုပေးအပ်ချီးမြှင့်မှာဖြစ်ပါတယ်။ ပြီးတော့ ဂုဏ်ပြုကတ်ပြားကို ပေးအပ်ချီးမြှင့်မှာဖြစ်ပါတယ်။ အဲဒီနောက်ငွေသားဆုဘန်နာကို ပေးအပ်ချိန်မှာ ဆုရရှိသူရဲ့ iBanking Account ထဲကို ငွေလွှဲပို့ပြီးတော့ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ အဲဒီလို Digital Payment ဆောင်ရွက်ချိန်မှာ နောက်ဘက်က LED Board မှာ ငွေလွှဲမှုနဲ့ ငွေလက်ခံရရှိမှုတို့ကို အချိန်နှင့်တစ်ပြေးညီ ကြေညာဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ MSME လုပ်ငန်းတွေ အထောက်အကူပြုစေဖို့ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုတာကဘယ်လိုအကျိုးကျေးဇူးတွေ ရရှိဖို့ မျှော်မှန်းဆောင်ရွက်တယ်ဆိုတာ သိပါရစေ။**







**ဖြေ။** ။ဒီလိုဆောင်ရွက်တဲ့အတွက် အဓိကကတော့ Paperless စနစ်နဲ့ ဒစ်ဂျစ်တယ်စီးပွားရေးကို ပိုမိုဖော်ဆောင်ရာရောက်ပါတယ်။ ဆုချီးမြှင့်ခြင်းအခမ်းအနားမှာ ဆုရရှိတဲ့ MSME လုပ်ငန်းရှင်တွေအနေနဲ့ ဝမ်းသာဂုဏ်ယူကြပြီး ပိုပြီးအမှတ်တရဖြစ်စေမှာ သေချာပါတယ်။ ဆုချီးမြှင့်လို့ရရှိတဲ့ချီးမြှင့်ငွေဟာ ဘဏ်စာရင်းထဲရောက်ရှိသိမ်းဆည်းပြီးဖြစ်စေမှာပါ။

ပြီးတော့ MSME လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်လုပ်ငန်းမှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနဲ့အတူ ထွန်းသစ်စနည်းပညာတွေကိုအသုံးပြုဖို့ ပိုပြီးအမြင်ကျယ်လာမှာ ဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်နည်းလမ်းနဲ့ ငွေကြေးသုံးစွဲတဲ့စနစ်ကိုလည်း ပိုမိုတွန်းအားပေးရာ ရောက်ပါတယ်။

**တွေ့ဆုံမေးမြန်း- ဝင်းဝင်းမင်း**
**ဓာတ်ပုံ-ကိုကြီးထိန်**







■ **ရှေ့ဖုံးမှအဆက်**

ယနေ့သည် ပွဲတော်၏စတုတ္ထနေ့သို့ ရောက်ရှိလာခဲ့သည့်အတွက် ပြခန်းအလိုက်ပြသထားသည့် ပြခန်းပြကွက်များအား လာရောက်လေ့လာကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည့်အပြင် MSME လုပ်ငန်းရှင်များ၊ နောက်ဆုံးပေါ်တီထွင်ဆန်းသစ်မှုနည်းပညာများနှင့် စက်မှု၊ လက်မှုကဏ္ဍကို စိတ်ဝင်စားကြသည့် လုပ်ငန်းရှင်များလည်း လာရောက်လေ့လာကြသည်။

အဆိုပါလုပ်ငန်းရှင်များအား ပြခန်းတာဝန်ရှိသူများက အရည်အသွေးမြင့် စက်ယန္တရားများ၏ ထူးခြားသာလွန်သော စွမ်းဆောင်ရည်များအကြောင်း၊ နိုင်ငံတကာအဆင့်မီစက်ယန္တရားများ ဝယ်ယူမှု၊ တပ်ဆင်မှုအကြောင်းအရာများနှင့် ဈေးကွက်စီးပွားရေး လိုအပ်ချက်များကို အနာဂတ်နည်းပညာများ အသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြသကြသည့်အပြင် ကျွမ်းကျင်ဝန်ထမ်းများကလည်း ခင်းကျင်းပြသထားသည့် စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြသဆွေးနွေးပေးခဲ့ရာ မြန်မာနိုင်ငံ အနာဂတ်စက်မှု နည်းပညာကဏ္ဍကို တစ်ခေတ်ဆန်းသစ်ပေးတော့မည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ထို့ပြင် ပွဲတော်သို့လာရောက်လေ့လာကြသည့် MSME လုပ်ငန်းရှင်များကိုလည်း ပြခန်းတာဝန်ရှိသူများက MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများမျှဝေပေးခြင်း၊ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့်လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေးဆွေးနွေးမှုဝေပေးကြရာ MSME လုပ်ငန်းရှင်များအတွက် ဆန်းသစ်သော ပြည်တွင်း၊ ပြည်ပပို့ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာနိုင်တော့မည်လည်းဖြစ်သည်။



အလားတူ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို (၁၅-၂-၂၀၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါအခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ နိုင်ငံတော်သံစုံတီးဝိုင်း၊ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ တွဲဖက်၍ ပြင်ပအဆိုရှင်များ သီဆိုဖျော်ဖြေမည့် တေးဂီတဖျော်ဖြေမှုအစီအစဉ်ကို ယင်းညတွင် MRTV-HD Channel မှ Live Show အစီအစဉ်အဖြစ် ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | စံပယ်ပွင့်ပြီမောင် | ပြင်ပအဆိုရှင် |
| ၂။ | အလွမ်းနေ့ရက်ရှည် | ပြင်ပအဆိုရှင် |
| ၃။ | ရှင်ဘုရင်လေး | ပြင်ပအဆိုရှင် |
| ၄။ | ကိုကိုစိတ်ကူးယဉ် | ပြင်ပအဆိုရှင် |
| ၅။ | အသည်းနုတော့ကြောက်တာပေါ့ | ပြင်ပအဆိုရှင် |
| ၆။ | ဘယ်ရည်းစားကိုအချစ်ဆုံးလဲ | ပြင်ပအဆိုရှင် |
| ၇။ | အလိုက်တသိ | ပြင်ပအဆိုရှင် |
| ၈။ | မပြိုသည့်မိုး | ပြင်ပအဆိုရှင် |
| ၉။ | စိန်စီသောတေးတစ်ပုဒ် | ပြင်ပအဆိုရှင် |

**၁၃-၂-၂၀၂၅ ရက်နေ့**
**စာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**



အလိုက်ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများစိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ချစ်ခင်နှစ်သက်မြတ်နိုးစွာ ဝယ်ယူကြသည့်အပြင် သန့်ရှင်းလတ်ဆတ်စွာ ရောင်းချပေးလျက်ရှိသည့် တိုင်းရင်းသားရိုးရာအစားအသောက်များကိုလည်း နှစ်ခြိုက်စွာဝယ်ယူစားသုံးကြသည်ကိုလည်းတွေ့မြင်ရသည်။

အဆိုပါပြခန်းများ၌လည်း အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့်သီချင်းများနှင့် မျိုးချစ်စိတ်နှင့်ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းသည်လည်း တောင်ပေါ်မြေပြန့် မခွဲခြားဘဲ စည်းလုံးသည့် သွေးချင်းညီအစ်ကိုစိတ်ထားကို အထူးပေါ်လွင်စေခဲ့သည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့်တေးသီချင်းများဖြင့်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့်ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိပြီး ပြိုင်ပွဲများအလိုက်ဆုအမျိုးအစားပေါင်း ၃၁ မျိုးကိုလည်း ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ဂျိုင်းလော**
**ဓာတ်ပုံ - ကျော်လွင်**





**❑ ကျောဖုံးမှအဆက်**

များကို အမျိုးသားပြတိုက်(နေပြည်တော်)သို့ ဖိတ်ခေါ်၍ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ဆိုင်ရာများကို ပညာပေးဆောင်ရွက်ခဲ့ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက ကျောင်းသား၊ ကျောင်းသူများကို မြန်မာ့သနပ်ခါးဓလေ့၏ သမိုင်းကြောင်း၊ သနပ်ခါး၏အသုံးဝင်ပုံနှင့်အသုံးပြုပုံအကြောင်း၊ သနပ်ခါးသည် မြန်မာတို့၏နေ့စဉ်ဘဝအတွက် အရေးပါကြောင်းနှင့် မြန်မာ့သနပ်ခါးသည် ကမ္ဘာတွင် ထူးခြားသည့်ဓလေ့တစ်ခုဖြစ်ကြောင်းတို့ကို ပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက ကိုယ်တိုင်သနပ်ခါးသွေး၍ တစ်ဦးနှင့်တစ်ဦးပျော်ရွှင်စွာ လိမ်းခြယ်ခဲ့ကြသည်။

အမျိုးသားပြတိုက်(နေပြည်တော်)တွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့များနှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်အဖြစ် မြန်မာ့သနပ်ခါးဆိုင်ရာ ရှင်းလင်းချက်စာသားများ၊ ဗီဒီယိုမှတ်တမ်းများပြသခြင်း၊ သနပ်ခါးဆိုင်ရာကဗျာများကိုကျောင်းသား၊ ကျောင်းသူများက ရွတ်ဆိုသရုပ်ပြခြင်း၊ သနပ်ခါးကိုလက်တွေ့သွေး၍ ကိုယ်တိုင်လိမ်းခြယ်စေခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**⇨ ဓာတ်သတ္တုမှအဆက်**

လျှောက်ထားခြင်း မရှိ(မရှိ) သောသူများသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ၁၁-၁၂-၂၀၂၄ ရက်နေ့ထုတ် သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၁၇-၂-၂၀၂၅ ရက်နေ့အထိ (၃)လအတွင်း နောက်ဆုံးလျှောက်ထားရမည့်ရက်သည် ပြည့်မြောက်တော့မည်ဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းလိုင်စင်များကို လျှောက်ထားရန်နှင့် လျှောက်ထားခြင်း မရှိ(မရှိ)သောသူများသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Merchants sell 75,000 baskets of Ziya rice to Yangon market



MAWLAMYINEGYUN February 13

Merchants from Mawlamyinegyun Township of Ayeyawady Region sold 75,000 bags of rice to Yangon market, said Daw Thin Thin Aye, the owner of rice and paddy commodity wholesale centre in Mawlamyinegyun Township.

Daw Thin Thin Aye explained: "Many bags of Ziya rice was sent to Yangon market last month. Merchants sell agricultural products to Yangon market only. Ziya is good in consumption. High demand from Yangon market creates a large purchase for Ziya rice from Mawlamyinegyun Township in January 2025. In fact, sale of Ziya rice is larger than other types of rice in domestic market."

Thanks to high demand for Ziya rice, local businesspersons and those in production chains are convenient in managing their livelihoods.

**SMK**

## Merchants from Bogale Township ship 72,000 viss of Gutum fish to Yangon market



BOGALE February 13

Merchants and businesspersons from Bogale Township of Ayeyawady Region sold 72,000 viss of Gutum fish to Yangon market according to Daw Tin Htwe, the owner of fishery product trading centre in Bogale Township.

Merchants could sell 65,000 viss of Gutum fish to Yangon in November, compared to 72,000 viss in December 2024, fetching Ks-21,000 per viss of Gutum fish in the market.

Daw Tin Htwe clarified: "I sent various kinds of fish including Gutum from Bogale Township to Yangon market last month. Local merchants supplied 72,000 viss of Gutum fish to Yangon. They focus on sale of all fish to Yangon market only. Yangon market raises demand of purchasing Gutum fish from Bogale Township. Hence, local fishermen and businesspersons are convenient in earning their incomes."

Consequently, merchants and those in production chains of fishery products in Bogale Township are convenient in their livelihoods.

**SK**

## Kidney bean planted on more than 1,700 acres of croplands in Indaw Township

INDAW February 13

Local farmers planted 1,785 acres of kidney bean as cold season crops in Indaw Township of Sagaing Region, according to the Indaw Township Agriculture Department.

Local authorities earmarked 3,314 acres of kidney bean in the township in 2024-2025 cold season but farmers planted 1,785 acres of crops against the target cultivation.

U Thein Khaing, Head of Indaw Township Agriculture Department, disclosed: "Local farmers have so far planted more than 1,000 acres of kidney bean against the target of over 3,000 acres this cold season. Our department provides quality strains of crops, agricultural inputs and post-harvest technology for local farmers to boost per-acre yield of quality crops."

Officials from the Township Agriculture Department raise farmer awareness to expand sown acreage of kidney bean, boosting per-acre yield of crops, and using GAP system and quality seeds.

The crops planted in GAP system can have higher quality than other crops planted in conventional methods, and fetch higher prices in the domestic and international markets.

**SMK**

## Yinmabin District harvests over 40,000 acres of rain-fed pigeon peas

YINMABIN February 13

A total of 40,388 acres of pigeon peas planted in this year's rainy season in Yinmabin District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Yinmabin District.

During the 2024-2025 rain crops planting season, 91,688 acres of pigeon peas were planted in Yinmabin District, and the cultivated pigeon pea fields were harvested from November 2024. Till date, 40,388 acres have been harvested, with a yield of 19.11 baskets per acre.

"We are also helping to improve the yield in the cultivation of pigeon peas. Pigeon peas are grown separately and are also grown as intercrops," said Daw Myat Moe Win, head of the Department of Agriculture for Yinmabin District.

This year, the Township Department of Agriculture has provided field knowledge for the farmers who grow pigeon peas in Yinmabin District to select and cultivate good varieties, to have correct planting method, to learn about pest safety and better yield.

**SK**

## Cultivation of paddy completes in Maubin Township

MAUBIN February 13

A total of 56,845 acres of paddy has been planted in Maubin Township of Ayeyawady Region, said U Zaw Min Tun, the head of Maubin Township Agriculture Department.

Local authorities earmarked cultivation of 82,751 acres of paddy as cold season crops in Maubin Township but farmers have so far planted 56,845 acres of paddy against the target cultivation. They are trying hard to meet the target cultivation with the assistance of the Township Agriculture Department.

U Zaw Min Tun clarified: "Local farmers choose paddy strains suitable for the region and these must be high yield. Our department helps local farmers grow paddy without any difficulties. Moreover, we share agricultural techniques and prevention of pests with local farmers."

Officials of the Township Agriculture Department provide local farmers with agricultural techniques, post-harvest technology, agricultural inputs and fertilizers.

**SK**

# State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# More than 2,000 acres of wheat planted in Yinmabin District

YINMABIN February 13

Statistics of Yinmabin District Department of Agriculture stated that a total of 2,934 acres of croplands have been placed under wheat plantations in Yinmabin District of Sagaing Region.

Local farmers started cultivation of wheat on 2,934 acres of croplands against the target of 10,850 acres of target cultivation in 2024-2025 cold season.

Daw Myat Moe Win, Head of Yinmabin District Department of Agriculture said: "Local authorities earmarked cultivation of more than 10,000 acres of wheat but local farmers have so far planted more than 2,000 acres of wheat. They are trying hard to meet the target cultivation. The Department of Agriculture raises farmer awareness of growing wheat to boost per-acre yield with the techniques of broadcasting fertilizers and pests. Moreover, the department helped local farmers to choose quality strains of crops."

This year, Yinmabin Township completed cultivation of 504 acres of wheat, Kani Township 780 acres, Salingyi Township 1,089 acres and Pale Township 561 acres, totalling 2,934 acres.

In 2024-2025 cold season, Yinmabin Township earmarked cultivation of 3,850 acres of wheat, Kani Township 810 acres, Salingyi Township 5,840 acres and Pale Township 350 acres, totalling 10,850 acres.

Officials of the Township Department of Agriculture helped local farmers meet the target cultivation, boost per-acre yield of crops, produce quality crops and prevent pests.

Farmers need to spend some Ks-300,000 per acre on cultivation of wheat which can yield 21 baskets per acre on an average.

Wheat is cultivated from October to December, and harvested from February to April. Local farmers from Sagaing Township grow white wheat strain.

Relevant Departments of Agriculture in Yinmabin District conduct training courses for local farmers and agricultural staff to enhance their capacity to grow wheat without any difficulties.

**SK**

# Cultivation of sunflower finishes on more than 1,300 acres of croplands in Mingin Township

MINGIN February 13

Statistics of Mingin Township Agriculture Department stated that a total of 1,327 acres of sunflower has been planted as cold season crops in Mingin Township of Sagaing Region.

Local farmers started cultivation of sunflower on 1,327 acres of land in October this year, against the target of 16,335 acres of sunflower in 2024-2025 cold season.

Daw Hayman Kyaw Kyaw, Head of Mingin Township Agriculture Department said: "Local authorities earmarked cultivation of more than 10,000 acres of sunflower in Mingin Township this cold season but farmers have so far planted more than 1,000 acres of crops against the target cultivation. They are trying hard to meet the target cultivation with the aim of reducing import of cooking oil abroad. So, they are striving to expand sown acreage of sunflower. Yield of oil from sunflower is larger than groundnut and sesame. Farmers prefer to grow sunflower in winter."

Mingin Township Department of Agriculture conducts training courses for local farmers and agricultural staff to enhance their capacity so as to grow sunflower.

This year, officials of the Township Department arrange to provide quality strains of crops and urea fertilizers at fair prices to local farmers.

**SMK**

# ChaungU Township finishes cultivation of peanut on more than 5,000 acres of croplands

CHAUNGU February 13

The statistics of ChaungU Township Agriculture Department stated that a total of 5,415 acres of peanut has been planted in the township of Sagaing Region this year.

Local farmers grew 5,415 acres of peanut against the target of 6,900 acres of crops in ChaungU Township, starting from October this year.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department commented: "Local authorities earmarked 5,900 acres of peanut this cold season, 5,415 acres of which has been planted by local farmers. Our department helps local farmers grow crops meeting the target. Peanut plantations are thriving in the township. Sown acreage of peanut is on the rise year by year.

Farmers use 1.5 baskets of peanut seeds per acre and cost more than Ks-200,000 per acre of peanut for quality seeds, labour charge, fertilizers and pesticides. The crops yield more than 50 baskets per acre.

This year, officials of the Township Agriculture Department make field trips to the peanut plantations for thriving of crops, prevention of pests, and removal of weeds.

**SK**

# Trump wants Education Department to be closed “immediately”

WASHINGTON February 13

U.S. President Donald Trump said on Wednesday he wanted the Education Department to be closed immediately.

“I’d like it to be closed immediately,” Trump told reporters Wednesday afternoon from the White House Oval Office. “The Department of Education’s a big con job.”

“So they ranked the top 40 countries in the world. We’re ranked number 40th. But we’re ranked No. 1 in one department -- cost per pupil. So, we spend more per pupil than any other country in the world.”

Trump had previously claimed that he wanted to close the Education Department, stating that he intended to return the responsibility for education to the states.

During his first term, Trump proposed shutting down the department as part of his agenda to reduce the size and functions of the federal government.

The agency employs 4,245 people and spent 251 billion dollars in the most recent year, according to Reuters. An immediate closure of the department could disrupt tens of billions of dollars in aid to students from kindergarten through high schools, and tuition assistance for college students.

In the weeks following his inauguration on January 20, Trump has been pushing for major reforms within the U.S. federal government, including advancing massive federal workforce reduction and allowing the Department of Government Efficiency led by Elon Musk to gain access to key payment systems of multiple agencies.

Trump has also attempted to shut down agencies such as the U.S. Agency for International Development (USAID), claiming that they are rife with “tremendous fraud” and “unprecedented levels of corruption.”

The closure of both USAID and the Education Department requires approval from Congress.

**Xinhua**

# Indonesia adds 494.8 mln USD for new capital construction amid budget cut

JAKARTA February 13

The Indonesian government has assured that the construction of the country’s new capital, Nusantara, on Borneo Island will proceed as planned despite concerns over massive budget cuts.

Head of the Nusantara Capital City Authority Basuki Hadimuljono said on Wednesday that the government has added 8.1 trillion rupiahs (around 494.8 million U.S. dollars) to the budget.



“President Prabowo Subianto asked us and other ministers to prepare an additional budget document amounting to 8.1 trillion rupiahs, as part of the total budget, which is 48.8 trillion rupiahs (around 2.98 billion dollars),” Hadimuljono said after a hearing with the Indonesian parliament, as quoted by local media.

Indonesia’s massive budget cut of up to 306.7 trillion rupiahs (around 18.76 billion dollars) in 2025 state spending has recently made headlines.

The budget allocation for infrastructure was also reduced by 81.38 trillion rupiahs (around 4.98 billion dollars), down from the initially planned 110.95 trillion rupiahs (around 6.79 billion dollars).

The budget cuts reportedly aimed to increase funding for the country’s nationwide free nutritious meals program.

**Xinhua**

# Canada will never join US – Trudeau

OTTAWA February 13

Outgoing Canadian Prime Minister Justin Trudeau has said US President Donald Trump’s remarks about Canada becoming the 51st US state are a “non-starter.”

Trump has repeatedly floated the idea of absorbing Canada, reiterating last week his desire to make the country “our 51st state.” He told reporters he would “love” to see it happen but acknowledged that some people consider it a “long shot.”

Speaking to reporters on Wednesday as he wrapped up his visit to Brussels, Trudeau called the idea of incorporating Canada into the US a “non-starter.”

“There’s not a snowball’s chance in hell that Canada will ever be the 51st state,” he said. “It’s never going to happen, but we have to take seriously what the president is saying and fold that into our thinking as we continue to stand up for Canada.”

Trudeau described Canadians’ response in recent weeks as “inspiring,” noting how they have changed their vacation plans, explored ways to “buy Canadian,” and supported local businesses.

Last week, Trudeau was caught on a hot mike telling businesspeople that Trump is not joking when he talks about annexing Canada. The US wants to “benefit” from Canada’s natural resources and “Trump has it in mind that one of the easiest ways of doing that is absorbing our country, and it is a real thing,” he warned. **RT**

# Panic grips European leaders as EU left out of Trump-Putin call

MOSCOW February 13

Russian President Vladimir Putin and his US counterpart Donald Trump discussed Ukraine, the Middle East, energy issues, and the exchange of citizens in a telephone call that lasted for one and a half hours, Kremlin Spokesman Dmitry Peskov revealed.

The phone conversation between Vladimir Putin and Donald Trump has triggered a litany of reactions from European politicians.

Britain’s Foreign Secretary David Lammy posted a joined statement by several European states that read: “Our shared objectives should be to put Ukraine in a position of strength. Ukraine and Europe must be part of any negotiations.” UK Defence Secretary John Healey claimed that no peace talks could be done “about Ukraine without Ukraine.”

Boris Pistorius, Germany’s defence chief, lamented the development as “regrettable” arguing that the Trump administration had made “concessions” to Russia, while asserting that “it would have been better to speak about a possible NATO membership for Ukraine or possible losses of territory at the negotiating table.”

Joining the bandwagon, Germany Foreign Minister Annalena Baerbock added that “peace can only be achieved together. And that means: with Ukraine and with the Europeans.”

In addition, Polish Prime Minister Donald Tusk declared that “All we need is peace… Ukraine, Europe and the United States should work on this together.”

For his part, French top diplomat Jean-Noel Barrot insisted that “There will be no just and durable peace in Ukraine without Europeans.” **Sputnik**

# Soros secretly stashes millions in shale oil while publicly pushing his ‘Green’ credentials

MOSCOW February 13

Soros Fund Management reportedly pumped over US$-30 million into stakes of Texas-based shale energy companies in the third quarter of 2024.

A Stephens Inc. analysis cited by Bloomberg says the hedge fund speculator-turned ‘philanthropist’ is investing big time in Magnolia Oil & Gas Corp and Hess Midstream LP in Houston, Texas.

Extracted using an extremely energy-intensive process (most often surface mining, followed by pyrolysis, heating particulates up to 450-500° to squeeze out the oil), shale oil has been slammed by environmentalists as the ‘dirtiest fuel on the planet’.

Soros and his Open Society Foundations, meanwhile, have touted themselves as among the biggest friends of the environment, recently committing US$-400 million in support of ‘green industrial policies’ in the Global South. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 21 will and shall 1

**21.3 Which is correct?**

1 'Did you call Max?' 'Oh no, I forgot. ~~I call~~ / I'll call him now.' (I'll call is correct)
2 I can't meet you tomorrow morning. I'm playing / ~~I'll play~~ tennis. (I'm playing is correct)
3 'I meet / I'll meet you outside the hotel at 10.30, OK?' 'Yes, that's fine.'
4 'Please don't go yet.' 'OK, I'm staying / I'll stay a little longer, but I have to go soon.'
5 I'm having / I'll have a party next Saturday. I hope you can come.
6 'Remember to lock the door when you go out.' 'OK. I don't forget / I won't forget.'
7 'Do you have any plans for the weekend?' 'Yes, we're going / we'll go to a wedding.'
8 'Are you doing / Will you do anything tomorrow evening?' 'No, I'm free. Why?'
9 'Do you do / Will you do something for me?' 'It depends. What do you want me to do?'
10 'Do you go / Will you go to work by car?' 'Not usually. I prefer to walk.'
11 I asked Sue what happened, but she doesn't tell / won't tell me.
12 I don't know if I can win the race tomorrow, but I'm doing / I'll do my best.

**21.4 What do you say in these situations? Write sentences with shall I ... ? or shall we ... ?**

1 You and a friend want to do something this evening, but you don't know what.
You say: What shall we do this evening? Do you want to go somewhere?
2 You and a friend are going on holiday together, but you have to decide where.
You ask your friend: ..............................................................................?
3 You try on a jacket in a shop. You are not sure whether to buy it or not.
You ask a friend for advice: ..............................................................................? What do you think?
4 You and a friend are going out. You have to decide whether to get a taxi or to walk.
You ask your friend: ....................................... or .......................................?
5 It's Helen's birthday soon. You want to give her a present, but what?
You ask a friend: What ..............................................................................? Any ideas?
6 You're meeting a friend tomorrow, but you have to decide what time.
You say: ..............................................................................? Is 10.30 OK for you?

→ **Additional exercises 10–13** (pages 308–10)

## Unit 22 will and shall 2

**A** We do not use **will** to say what somebody has already arranged or decided to do:

- Lisa **is working** next week. (not Lisa will work)
- **Are** you **going to watch** TV this evening? (not will you watch)

**Raymond Murphy**

## Technology and Environmental conservation

# အမေရိကန်ရှိ Google Map အသုံးပြုသူများအတွက် မက္ကဆီကိုပင်လယ်ကွေ့အား အမေရိကန်ပင်လယ်ကွေ့ဟု Google ကဖော်ပြ

Google Map သည် အမေရိကန်ပြည်ထောင်စုရှိ အသုံးပြုသူများအတွက် မက္ကဆီကိုပင်လယ်ကွေ့အား အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမိန့်ကြေညာချက်အရ အမေရိကန်ပင်လယ်ကွေ့ဟု ဖော်ပြလိုက်ပြီဖြစ်သည်။

Google ကုမ္ပဏီသည် ပင်လယ်ကွေ့၏ အမည်ပြောင်းလဲမှုကို ယခုရက်သတ္တပတ်အစောပိုင်းတွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ထိုသို့လုပ်ဆောင်ရာတွင် အမေရိကန်ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအပေါ် အခြေခံ၍ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

အမည်ပြောင်းလဲလိုက်သည့်အမေရိကန်ပင်လယ်ကွေ့သည် ယခင်က မက္ကဆီကိုပင်လယ်ကွေ့ဟု လူသိများထင်ရှားသည့် ပင်လယ်ကွေ့ဖြစ်ပြီး ပျမ်းမျှရေအနက်မှာ ပေ ၅၃၀၀ ရှိသည့်အပြင် အမေရိကန်၊ မက္ကဆီကိုနိုင်ငံ အနောက်တောင်ပိုင်း၊ တောင်ပိုင်းကမ်းခြေများနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။

Google က ပင်လယ်ကွေ့အမည်ကို ပြောင်းလဲထားသော်လည်း ကမ္ဘာ့နိုင်ငံအများအပြားကမူ အဆိုပါပင်လယ်ကွေ့အား မက္ကဆီကိုပင်လယ်ကွေ့နှင့် အမေရိကန်ပင်လယ်ကွေ့အဖြစ် အမည်နှစ်မျိုးစလုံးဖြင့် ဆက်လက်တွေ့မြင်ရမည်ဖြစ်ကြောင်း Google ကုမ္ပဏီကထုတ်ပြန်ထားသည်။

Ref: Cbs




# Deepseek အပလီကေးရှင်းက အသုံးပြုသူ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို စုဆောင်းပြီး သိုလှောင်ထားသည့် အချက်အလက်များကိုလည်း အစိုးရသို့ ထုတ်ပြန်ပေးနိုင်ဟု NIS ပြော




တရုတ်နိုင်ငံမှထုတ်လုပ်သည့် Deep-seek အပလီကေးရှင်းသည် အသုံးပြုသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို စုဆောင်းပြီး ကီးဘုတ်မှရိုက်သွင်းလိုက်သည့် အချက်အလက်များကိုလည်း အသုံးပြုလျက်ရှိသည်ဟု တောင်ကိုရီးယားအမျိုးသားထောက်လှမ်းရေး အေဂျင်စီ (NIS) ကပြောသည်။

ထို့ကြောင့် အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများအနေဖြင့် Deepseek AI အပလီကေးရှင်းကို အသုံးပြုရာတွင် သတိထားကြရန် NIS က အာဏာပိုင်အဖွဲ့ထံသို့ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း၌ တရားဝင်အသိပေးခဲ့သည်။

Deepseek AI အပလီကေးရှင်းသည် အခြား AI ဝန်ဆောင်မှုများနှင့် မတူဘဲ အသုံးပြုသူများက ၎င်းတို့၏ ကီးဘုတ်မှတစ်ဆင့် ရိုက်ထည့်လိုက်သည့် အချက်အလက်များကို စုဆောင်းနိုင်သည့် function ကိုထည့်သွင်းထားခြင်းကြောင့် အပလီကေးရှင်းတွင် ရေးသားထားသည့် အချက်အလက်အားလုံးကို မှတ်တမ်းတင်နိုင်ကြောင်း NIS က ယခုလအစောပိုင်းတွင် ထုတ်ပြန်သည့် ကြေညာချက်အတွင်း ဖော်ပြထားသည်။

ထို့ပြင် အဆိုပါမှတ်တမ်းများအား အခြားအဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးနိုင်ကြောင်းကို အတည်ပြုနိုင်ခဲ့ကြောင်း NIS ကအတည်ပြုထားသည်။ ထို့ပြင် volceapplog.com ကဲ့သို့သော တရုတ်ကုမ္ပဏီများ၏ ဆာဗာများနှင့် ဆက်သွယ်နိုင်သည့်အပြင် အချက်အလက်များကို ရိုက်သွင်းသူမှာ မည်သူမည်ဝါဖြစ်ကြောင်းကိုပါ ရှာဖွေဖော်ထုတ်နိုင်သည်။

ထို့အတူ တရုတ်နိုင်ငံ၏ဥပဒေအရ တရုတ်ကုမ္ပဏီများ၏ ဆာဗာများတွင် သိုလှောင်ထားသည့်အချက်အလက်များကို တရုတ်အစိုးရက ဖော်ပြပေးရန်တောင်းဆိုလာပါက အဆိုပါကုမ္ပဏီများအနေဖြင့် ထုတ်ပြန်ပေးရမည်ဖြစ်ကြောင်း NIS က ဆက်လက်ပြောကြားသည်။

Deepseek AI အပလီကေးရှင်းသည် တူညီသောမေးခွန်းတစ်ခုအား မတူကွဲပြားသော ဘာသာစကားများကို အသုံးပြု၍ မေးမြန်းရာတွင် အမျိုးမျိုးဖြေကြားလေ့ရှိကြောင်းသိရသည်။ ဥပမာအားဖြင့် တောင်ကိုရီးယားနိုင်ငံတွင် အဓိကစားသုံးသည့် ကင်ချီဟူသောစကားလုံးကို ကိုရီးယားဘာသာစကားဖြင့်အသုံးပြု၍ မေးမြန်းရာတွင်တောင်ကိုရီးယားဟင်းလျာဟု ဖြေကြားသော်လည်း တရုတ်ဘာသာဖြင့် မေးမြန်းရာတွင် ကင်ချီမှာ တရုတ်နိုင်ငံတွင် စတင်ပေါ်ပေါက်သော ဟင်းလျာဖြစ်သည်ဟု ဖော်ပြကြောင်း NIS ကပြောကြားသည်။

Ref: ST

# တောမီးလောင်ကျွမ်းမှုကိုတိုက်ဖျက်နိုင်ရေးအတွက် ကွန်ရက်တစ်ခုကို အာရပ်နှင့် မြေထဲပင်လယ်ဒေသတွင်းနိုင်ငံများကဖွဲ့စည်းမည်

ကမ္ဘာ့နိုင်ငံများ၏ သဘာဝအရင်းအမြစ်များအပေါ် ခြိမ်းခြောက်နေသည့် တောမီးလောင်ကျွမ်းမှုများကို တိုက်ဖျက်နိုင်ရေးအတွက် ကွန်ရက်တစ်ခုကို အာရပ်နှင့် မြေထဲပင်လယ်ဒေသတွင်း နိုင်ငံများက ဖွဲ့စည်းရန်စီစဉ်လျက်ရှိသည်ဟု ရေနှင့်သစ်တောများဆိုင်ရာမော်ရိုကိုအမျိုးသားအေဂျင်စီက ထုတ်ပြန်သည်။

ကွန်ရက်တွင် ပါဝင်မည့်နိုင်ငံများတွင် တောမီးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် နိုင်ငံများ ပါဝင်ပြီး ကွန်ရက်အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တောမီးလောင်ကျွမ်းမှုအား စုပေါင်းလုပ်ဆောင်မှုဖြင့် တိုက်ဖျက်မည်ဖြစ်ကြောင်း ရေနှင့်သစ်တောများဆိုင်ရာမော်ရိုကိုအမျိုးသားအေဂျင်စီမှ ညွှန်ကြားရေးမှူးအဗ္ဗဒါဟင်ဟူမီက တောမီးလောင်ကျွမ်းမှုစီမံခန့်ခွဲရေး၊ ကောင်းမွန်သော အလေ့အကျင့်များနှင့် အသိပညာများကို နိုင်ငံများအကြားဝေမျှခြင်းဟုအမည်ပေးထားသည့် အလုပ်ရုံဆွေးနွေးပွဲ၌ ပြောသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ရာဘတ်မြို့၌ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျင်းပခြင်းဖြစ်သည်။

ကွန်ရက်တွင်ပါဝင်သည့် နိုင်ငံများအားလုံးသည် သဘာဝအရင်းအမြစ်များအတွက် ခြိမ်းခြောက်မှုအဖြစ် တည်ရှိနေသည့်တောမီးလောင်ကျွမ်းမှုများကို အဓိကထားစီမံခန့်ခွဲမည်ဖြစ်သည်။

တောမီးလောင်ကျွမ်းမှုသည် မြေထဲပင်လယ်မြစ်ဝှမ်းရှိ သစ်တောများနှင့် သစ်တောဧရိယာများအတွက် အရေးအကြီးဆုံးသော သဘာဝခြိမ်းခြောက်မှုဖြစ်ပြီး အခြားသဘာဝဘေးများဖြစ်သည့် အင်းဆက်ပိုးကျရောက်မှုများ၊ လေဆင်နှာမောင်းတိုက်ခတ်မှုများ၊ နှင်းခဲများကျဆင်းခြင်းတို့ထက် ပို၍အဖျက်စွမ်းအားကြီးမားလှသည်။

မြေထဲပင်လယ်ဒေသတစ်လျှောက်တွင် နှစ်စဉ်ဖြစ်ပွားသည့် တောမီးလောင်ကျွမ်းမှုအကြိမ်အရေအတွက်သည်၅၀၀၀၀ နီးပါးရှိပြီး ယင်းပမာဏမှာ ၁၉၇၀ ပြည့်လွန်နှစ်များကထက် နှစ်ဆပိုမိုမြင့်တက်လာသည်။

ထို့ပြင် ၎င်းဒေသတွင်းနိုင်ငံများတွင် သစ်တောမီးလောင်ကျွမ်းမှု အကြိမ်အရေအတွက်သည် ၁၉၇၀ ပြည့်နှစ် အစပိုင်းမှစ၍ မြင့်တက်လာသည်။ ဥပမာအားဖြင့် စပိန်နိုင်ငံတွင် အကြိမ်ပေါင်း ၁၉၀၀ မှ ၈၀၀၀၊ အီတလီနိုင်ငံတွင် အကြိမ်ပေါင်း ၃၄၀၀ မှ ၁၀၅၀၀ ခန့်အထိ၊ ဂရိနိုင်ငံတွင် အကြိမ်ပေါင်း ၇၀၀ မှ ၁၁၀၀၊ မော်ရိုကိုတွင် အကြိမ်ပေါင်း ၁၅၀ မှ ၂၀၀ နှင့် တူကီယဲနိုင်ငံတွင် အကြိမ်အရေအတွက် ၆၀၀ မှ ၁၄၀၀ အထိရှိကြောင်းသိရသည်။

Ref: Aa, Fao

# အစ္စရေး သို့မဟုတ် အမေရိကန်က တိုက်ခိုက်ခဲ့မည်ဆိုပါက နျူကလီးယား စက်ရုံအမြောက်အမြား တည်ထောင်မည်ဟု အီရန်ကြေညာ



တီဟီရန်၊ နျူကလီးယားနည်းပညာ

အီရန်နိုင်ငံအား အစ္စရေး သို့မဟုတ် အမေရိကန်က တိုက်ခိုက်ခဲ့မည်ဆိုပါက နိုင်ငံအတွင်း၌ နျူကလီးယားစက်ရုံအမြောက်အမြားကို တည်ထောင်မည်ဖြစ်ကြောင်း အီရန်အစိုးရက ဖေဖော်ဝါရီလ ၁၃ ရက်တွင် ကြေညာသည်။

အစ္စရေးနိုင်ငံသည် နိုင်ငံအတွင်းရှိ နျူကလီးယားစက်ရုံများအား တိုက်ခိုက်ရန် ခြိမ်းခြောက်လျက်ရှိပြီး ၎င်းတို့အနေဖြင့် စက်ရုံများကို တိုက်ခိုက်နိုင်သော်လည်း စက်ရုံတည်ဆောက်သည့် အသိဉာဏ်ကို ဖျက်ဆီးနိုင်မည်မဟုတ်ကြောင်း အီရန်သမ္မတ မာဆွတ်ပယ်ဇက်ခီးယမ်းက ပြောကြားသည်။

အစ္စရေးနိုင်ငံသည် အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများအပေါ် အကြီးစားတိုက်ခိုက်မှုများ လုပ်ဆောင်နိုင်မည့်အလားအလာကို ရှာဖွေဖော်ထုတ်လျက်ရှိသည်ဟူသော အမေရိကန်၏ ကောက်ချက်ချမှုကို ကိုးကား၍ Wall Street Journal က ဖေဖော်ဝါရီလ ၁၂ ရက်တွင် ဖော်ပြခဲ့ပြီးနောက် အီရန်၏ ပြောဆိုချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုသို့တိုက်ခိုက်ရာတွင် အစ္စရေးနိုင်ငံက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံမှ ထောက်ခံမှုကို မျှော်လင့်လျက်ရှိကြောင်း Wall Street Journal ကဆက်လက်ဖော်ပြထားကြောင်းသိရသည်။

Ref: Ivt

# ပူတင်နှင့်ထရမ့်တို့၏ဆွေးနွေးမှုက တစ်ကမ္ဘာလုံးအတွက်အလွန်အရေးပါဟု မက်ဗီဒက်ပြော

**မော်စကို၊ နိုင်ငံရေး**



ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့နှစ်ဦးကြား ပြုလုပ်ခဲ့သည့် ဖုန်းမှတစ်ဆင့်ဆွေးနွေးပြောဆိုမှုသည် နှစ်နိုင်ငံကြားနှစ်ပေါင်းများစွာကြာ သံတမန်ဆက်ဆံရေး အေးစက်ခဲ့ပြီးနောက် ထွက်ပေါ်လာသည့် အလွန်အရေးပါသော ဆွေးနွေးမှုဖြစ်ကြောင်း ရုရှားလုံခြုံရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒီမီထရီမက်ဗီဒက်က ဖေဖော်ဝါရီလ ၁၃ ရက်တွင် ပြောသည်။

ရုရှားနှင့်အမေရိကန်သမ္မတတို့နှစ်ဦးကြား ဆွေးနွေးမှုတစ်ရပ်ကို လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဆွေးနွေးမှုသည် တစ်ကမ္ဘာလုံးအတွက် အလွန်အရေးပါကြောင်း မက်ဗီဒက်ကထုတ်ပြန်ချက်တစ်ရပ်တွင်ပြောသည်။ ထို့ပြင် ယခင်အမေရိကန်အစိုးရသည် ရုရှားနိုင်ငံအား အပြစ်ပေးရန်နှင့် အရှက်ခွဲရန်အတွက် နှစ်နိုင်ငံအစိုးရကြား တွေ့ဆုံဆွေးနွေးမှုအားလုံးကို ဖြတ်တောက်ပစ်ခဲ့ကြောင်း မက်ဗီဒက်က ဆက်လက်ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရုရှားသမ္မတပူတင်နှင့် ဖုန်းမှတစ်ဆင့်ပြောဆိုခဲ့ပြီး လက်ရှိ ဆက်လက်ဖြစ်ပွားနေသည့် ယူကရိန်းပဋိပက္ခအား အဆုံးသတ်နိုင်ရေးအတွက်စေ့စပ်ဆွေးနွေးမှုများစတင်လုပ်ဆောင်ရန် ခေါင်းဆောင်နှစ်ဦးစလုံးက သဘောတူညီခဲ့ကြောင်း ထရမ့်က ပြောကြားသည်။

ရုရှားနိုင်ငံက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်း၌ အထူးစစ်ဆင်ရေးစတင်ပြီးနောက် သမ္မတပူတင်နှင့် အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်တို့ကြား ဖုန်းပြောဆိုဆက်သွယ်မှုရပ်ဆိုင်းခဲ့သည့်အပြင် အမေရိကန်အစိုးရသည် ဥရောပနိုင်ငံများနှင့်အတူ ယူကရိန်းနိုင်ငံသို့ စီးပွားရေး၊ လူသားချင်းစာနာမှုနှင့် စစ်ရေးအကူအညီများကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Tass**

# အိန္ဒိယမှ ၁၄ နှစ်အရွယ် လူသားဂဏန်းပေါင်းစက်ဟုအမည်ပေးခံထားရသူ သင်္ချာပါရမီရှင်က တစ်ရက်တည်းတွင် ဂင်းနစ်စံချိန် ၆ ခု ချိုးဖျက်နိုင်ခဲ့




**ဒူဘိုင်း၊ ထူးခြားဆန်းပြား**

အိန္ဒိယနိုင်ငံမှ အသက် ၁၄ နှစ်အရွယ် အာယန်ရှုခလာအမည်ရှိ သင်္ချာပါရမီရှင်တစ်ဦးသည် သင်္ချာဂဏန်းများကို စိတ်တွက်ဖြင့် အမြန်ဆုံးတွက်ပြနိုင်ပြီး တစ်ရက်တည်းမှာပင် ဂင်းနစ်စံချိန် ၆ ခု ချိုးဖျက်နိုင်ခဲ့ကြောင်း အဆိုပါစံချိန်အဖွဲ့ကြီးက ဖေဖော်ဝါရီလ ၁၂ ရက်တွင်ဖော်ပြသည်။

လူသားဂဏန်းပေါင်းစက်ဟု အမည်ပေးခံထားရသည့်ရှုခလာသည်မဟာရက်ရှ်ထရာပြည်နယ်မှဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်က အီတလီရုပ်သံပြပွဲတစ်ခုဖြစ်သည့် Lo Sho Dei Record တွင် ဂဏန်း ၅ လုံးပါ ဂဏန်းပေါင်းအလုံး ၅၀ ကို ၂၅ ဒသမ ၁၉ စက္ကန့်အတွင်းမှာပင် စိတ်တွက်ဖြင့် တွက်ပြနိုင်ခဲ့ပြီး ဂင်းနစ်စံချိန်တင်နိုင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် ဂင်းနစ်စံချိန်အဖွဲ့က ရှုခလာအား ဒူဘိုင်းသို့ဖိတ်ခေါ်၍ ၎င်း၏သင်္ချာစွမ်းရည်ကို ထပ်မံစမ်းသပ်ခဲ့ရာ ၎င်းက ဂဏန်း ၄ လုံးပါ ဂဏန်းပေါင်းအလုံး ၁၀၀ ကို ၃၀ ဒသမ ၉ စက္ကန့်၊ ဂဏန်း ၄ လုံးပါ ဂဏန်းအလုံးရေ ၂၀၀ ကို ၁ မိနစ်နှင့် ၉ ဒသမ ၆၈ စက္ကန့်၊ ဂဏန်း ၅ လုံးပါ ဂဏန်းအလုံးပေါင်း ၅၀ ကို ၁၈ ဒသမ ၇၁ စက္ကန့်အတွင်း စိတ်တွက်ဖြင့်တွက်ပြနိုင်ခဲ့သည်။

ထို့ပြင် ရှုခလာသည် ဂဏန်းပေါင်းခြင်းအပြင် ဂဏန်းအလုံးပေါင်း ၂၀ ပါသည့် ဂဏန်းတစ်လုံးအား ဂဏန်း ၁၀ လုံးပါ ဂဏန်းဖြင့်စားခြင်းကိုလည်း ၅ မိနစ်နှင့် ၄၂ စက္ကန့်အတွင်း တွက်ချက်ပြနိုင်ခဲ့ပြီး အလုံးရေအများအပြားပါဝင်သည့် ဂဏန်းများမြှောက်ခြင်းကိုလည်း ပွဲကြည့်သူများ အံ့အားသင့်သွားစေသည်အထိ စိတ်တွက်ဖြင့်တွက်ချက်ပြ၍ ဂင်းနစ်စံချိန် ၆ ခုကို တစ်ရက်တည်းချိုးဖျက်နိုင်ခြင်းဖြစ်ကြောင်းသိရသည်။

ရှုခလာသည် ယခုကဲ့သို့ တွက်ရန်ခက်ခဲသည့် ဂဏန်းများပေါင်းခြင်း၊ မြှောက်ခြင်းနှင့် စားခြင်းတို့ကို စိတ်တွက်ဖြင့် အချိန်တိုအတွင်း တွက်နိုင်ရန်အတွက် တစ်နေ့လျှင် အချိန် ၅ နာရီမှ ၆ နာရီအထိ သင်္ချာတွက်၍ လေ့ကျင့်ခဲ့ရကြောင်း သိရသည်။

**Ref: GWR**

## သတင်းတိုကဏ္ဍ

# ပူတင်နှင့် ထရမ့်တို့ကြားထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် တရုတ်အဆိုပြု

ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကြား ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် တရုတ်နိုင်ငံကအဆိုပြုခဲ့ကြောင်း Wall Street Journal ကဖော်ပြသည်။

တရုတ်နိုင်ငံသည် ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် ကြားဝင်ဖျန်ဖြေသူအဖြစ်ပါဝင်နိုင်ရန် ယခင်ကတည်းကပင် ကြိုးပမ်းနေခြင်းဖြစ်ပြီး အဆိုပါပဋိပက္ခအား အပြီးသတ်ဖြေရှင်းနိုင်ရေးအတွက် ကိုယ်ပိုင်လမ်းပြမြေပုံတစ်ရပ်ကိုပင် ရေးဆွဲခဲ့သည်။

သို့သော် ရုရှားသမ္မတပူတင်နှင့် ထရမ့်တို့၏ထိပ်သီးဆွေးနွေးပွဲတွင် ယူကရိန်းသမ္မတပါဝင်မည်မဟုတ်သောကြောင့် တရုတ်၏အဆိုပြုချက်သည် အနောက်နိုင်ငံများက တောင်းဆိုထားမှုနှင့် ကွဲပြားလျက်ရှိကြောင်း သိရသည်။

ရုရှားနှင့် အမေရိကန်သမ္မတနှစ်ဦးကြား ဖုန်းမှတစ်ဆင့်ဆက်သွယ်ပြောဆိုပြီးနောက် တရုတ်နိုင်ငံ၏ အဆိုပြုချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ **Ref: RT**

# ဂျာမနီနိုင်ငံတွင် လူအုပ်အတွင်းသို့ ကားတစ်စီးဝင်တိုက်၊ အနည်းဆုံးလူ ၂၈ ဦးဒဏ်ရာရ

ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ဖေဖော်ဝါရီလ ၁၃ ရက်က လူအုပ်အတွင်းသို့ ကားတစ်စီးဝင်တိုက်ခဲ့ရာ အနည်းဆုံးလူ ၂၈ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

အဆိုပါဖြစ်စဉ်တွင် အသက် ၂၄ နှစ်အရွယ် အာဖဂန်နစ္စတန်မှ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူတစ်ဦးက မောင်းနှင်လာသည့် ကားက လူထုဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်နေသူများအတွင်းသို့ ဝင်တိုက်ခဲ့ခြင်းဖြစ်ရာ ယင်းဖြစ်စဉ်သည် တမင်ရည်ရွယ်သည့် တိုက်ခိုက်မှုဖြစ်သည်ဟု ဘာဗားရီးယားပြည်နယ်ဝန်ကြီးချုပ် မားကပ်ဆိုးဒါးက ပြောကြားသည်။

အဆိုပါယာဉ်မောင်းကို အခင်းဖြစ်ပွားရာ၌ ဖမ်းဆီးနိုင်ခဲ့ကြောင်း မြူးနစ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ သောမတ်ရှဟွန်းကပြောသည်။ ထို့ပြင် အဆိုပါယာဉ်မောင်းသူသည် လူအုပ်အတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ကားကို မောင်းလာပြီး လူအုပ်အားဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောသည်။

ဒဏ်ရာရရှိသူများတွင် ကလေးသူငယ်များလည်းပါဝင်ကြောင်း သိရသည်။

**Ref: Xinhua**

# အမေရိကန်အကျဉ်းသားတစ်ဦးအားပြန်လွှတ်ပေးခြင်းကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်က ရုရှားနိုင်ငံသားတစ်ဦးအား ပြန်လွှတ်ပေး

**မော်စကို၊ နိုင်ငံရေး**

ရုရှားက အမေရိကန်အကျဉ်းသားတစ်ဦးကိုပြန်လွှတ်ပေးခြင်းကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်အစိုးရက ၎င်းတို့ဖမ်းဆီးထိန်းသိမ်းထားသည့် ရုရှားနိုင်ငံသားတစ်ဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။

အလက်ဇန္ဒားဗင်းနစ်အမည်ရှိ အသက် ၄၅ နှစ်အရွယ် ရုရှားနိုင်ငံသားအား အမေရိကန်က ဖေဖော်ဝါရီလ ၁၂ ရက်တွင်ပြန်လွှတ်ပေးခြင်းဖြစ်သည်။ ၎င်းအား ငွေကြေးခဝါချမှုဖြင့် အမေရိကန်ထောက်လှမ်းရေးအဖွဲ့က ၂၀၁၇ ခုနှစ်တွင် ဖမ်းဆီးခဲ့ပြီး စွဲချက်ပေါင်း ၂၁ ခုဖြင့် တရားစွဲဆိုခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်မှစ၍ ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်၏စွဲဆိုချက်များအရ အလက်ဇန္ဒားဗင်းနစ်သည် ဒစ်ဂျစ်တယ်ငွေကြေးများကို ဒေါ်လာ၊ ယူရို၊ ရူဘယ်ငွေကြေးများဖြင့် လဲလှယ်ပေးသည့် အွန်လိုင်းငွေကြေးလဲလှယ်ရေးလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်း၏ တစ်ရက်ဝင်ငွေသည် ဒေါ်လာ ၆၆ သန်းရှိပြီး အလက်ဇန္ဒားဗင်းနစ်သည် ယင်းလုပ်ငန်းတွင် နည်းပညာဆိုင်ရာ အကြံပေးတစ်ဦးအဖြစ်တာဝန်ယူပြီး တည်ထောင်သူမဟုတ်ကြောင်း ၎င်းကိုယ်တိုင်က ဝန်ခံထားသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်း မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုနှင့် တရားမဝင်ကုန်ကူးမှုတို့ဖြင့် ထောင်ဒဏ် ၁၄ နှစ်ကျခံနေရသည့် အမေရိကန်နိုင်ငံသား ကျောင်းဆရာနှင့် သံရုံးအမှုထမ်းဟောင်း မာ့ဖိုဂျယ်အား ပြန်လွှတ်ပေးပြီးနောက် အမေရိကန်က ရုရှားနိုင်ငံ၏ချစ်ကြည်မှုကိုတုံ့ပြန်သည့်အနေဖြင့် အလက်ဇန္ဒားဗင်းနစ်အားပြန်လွှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **Ref: Ivt**

# ညောင်ဦးမြို့နယ်၌ တစ်နိုင်တစ်ပိုင် ဆီးပင်စိုက်ပျိုးတောင်သူများ ဆီးသီးဈေးကောင်းရရှိ၍ သီးနှံဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိ



ညောင်ဦး ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်ပြီး တစ်နိုင်တစ်ပိုင် ဆီးပင်စိုက်ပျိုးလုပ်ကိုင်ကြရာ ယခုနှစ်တွင် ဆီးသီးဈေးကောင်းရရှိ၍ သီးနှံဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး တစ်ဖက်တစ်လမ်းမှ သီးနှံဝင်ငွေတိုးပွားစေရန် နှစ်ရှည်သီးနှံများဖြစ်သည့်ဆီး၊ မန်ကျည်း၊ သရက်၊ လျှော်ဖြူစသည့် သီးနှံများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်ကြသည်။ ထိုသို့ ဝင်ငွေတိုးပွားရေးအတွက် နှစ်ရှည်သီးနှံဖြစ်သည့် ဆီးပင်စိုက်ပျိုးရေးလုပ်ငန်းကို ဥယျာဉ်ခြံမြေများဖြင့် စီးပွားဖြစ်စိုက်ပျိုးမှုများရှိသကဲ့သို့ လယ်မြေကန်သင်းပေါင်များ၌ စိုက်ပျိုးကြသူများလည်းရှိသည်။ ဆီးပင်စိုက်ပျိုးရေးလုပ်ငန်းသည် စိုက်ပျိုးပြီး ငါးနှစ်ခန့်အကြာတွင် အသီးလှိုင်လှိုင်သီးကာ ခူးဆွတ်ရောင်းချရကြောင်း၊ ဆီးသီးတွင် ဆီးချိုသီးနှင့် ဆီးချဉ်သီးဟူ၍ နှစ်မျိုးရှိပြီး စီးပွားရေးလုပ်ငန်းရှင်များက ဆီးသီးဖြင့် စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ရောင်းချကြကြောင်း၊ တချို့စီးပွားရေးလုပ်ငန်းရှင်များက တစ်နိုင်တစ်ပိုင် ဆီးထန်းလျက်၊ ဆီးယို၊ ဆီးဖျော်ရည် စသည်ဖြင့် ဒေသထွက် စားသောက်ကုန်များထုတ်လုပ်ကာ ရောင်းချကြကြောင်း သိရသည်။

"ဒီနှစ် စိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး တစ်နိုင်တစ်ပိုင် ဆီးပင်စိုက်ပျိုးကြတဲ့ တောင်သူတွေ ဆီးသီးဈေးကောင်းရရှိလို့ အဆင်ပြေကြတယ်။ ကျွန်တော်တို့ဒေသမှာ ဆီးပင်စိုက်ပျိုးရေးလုပ်ငန်းကို တချို့က ဥယျာဉ်ခြံမြေနဲ့ စီးပွားဖြစ်စိုက်ပျိုးကြတယ်။ တချို့တောင်သူတွေကျတော့ မိမိတို့ရဲ့ လယ်မြေ/ ယာမြေတွေမှာ အလေ့ကျပေါက်တဲ့ ဆီးပင်တွေကို ထိန်းသိမ်းစောင့်ရှောက်ကြသလို လယ်မြေကန်သင်းပေါင်တွေမှာ ဝင်ငွေတိုးပွားရေးအတွက် သီးသန့်စိုက်ပျိုးကြတာလည်းရှိတယ်။ ဆီးသီးပေါ်ချိန် တန်ဆောင်မုန်းလကစပြီး တပေါင်းလလောက်အထိ ခူးဆွတ်ရောင်းချရပါတယ်။ ဆီးသီးကုန်သည်များက ဈေးကောင်းပေးဝယ်ယူတဲ့အတွက် တစ်နိုင်တစ်ပိုင် ဆီးပင်စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေကြပါတယ်"ဟု ညောင်ဦးမြို့နယ် ဖြူကြီးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ဆီးပင်စိုက်ပျိုးရေးလုပ်ငန်းမှာ အောင်မြင်ဖြစ်ထွန်းပြီး ထွက်ရှိလာသည့်ဆီးသီးများကို ဆီးသီးကုန်သည်များက ဈေးကောင်းပေးဝယ်ယူသဖြင့် ဆီးပင်စိုက်ပျိုးတောင်သူများ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုးညှင်းမြို့နယ် မြို့မစည်ပင်သာယာဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မိုးညှင်း ဖေဖော်ဝါရီ ၁၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မြို့မစည်ပင်သာယာဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီလ ၁၃ ရက်တွင် အဆိုပါဈေး၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ဈေးဆိုင်ခန်းများတွင် ရှေးဦးမီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးများထားရှိမှုနှင့် အသုံးပြုနိုင်မှုအခြေအနေများ၊ မြို့မဈေးတွင် မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်ရေရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင်၏ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးသန်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ရာ၌ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ်နှစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့မှ ရေသယ်ယာဉ် တစ်စီးနှင့် စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျောင်းကောင်စီ ထမနဲထိုးပြိုင်ပွဲကျင်းပ

ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျောင်းကောင်စီထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်က ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဖြိုးရာဇာဦးက ထမနဲထိုးပြိုင်ပွဲ ကျင်းပခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများ စည်းလုံးညီညွတ်စွာ စုပေါင်းလုပ်ကိုင်တတ်စေရန်၊ စည်းလုံးခြင်းသည် အရာရာကို အောင်မြင်စေနိုင်သည်ကို ကျောင်းသား၊ ကျောင်းသူများနားလည်သဘောပေါက်စေရန်နှင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းကောင်စီအသင်းငါးသင်းမှ အသင်းလိုက် ထမနဲထိုးယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသောအသင်းများကို ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **လှိုင်မျိုးအောင်**

# ပဲခူးတိုင်းဒေသကြီးအတွင်း မီးလောင်မှုဖြစ်စဉ်များ လျှော့နည်းစေရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပဲခူး ဖေဖော်ဝါရီ ၁၃

ပူပြင်းခြောက်သွေ့သော ရာသီသို့ ရောက်ရှိလာသောကြောင့် ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ မီးလောင်မှုဖြစ်စဉ်များ လျှော့နည်းစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ ပုဂ္ဂလိကဆေးရုံများနှင့် စက်ရုံ၊ အလုပ်ရုံများ၌ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန၏ညွှန်ကြားချက်များအတိုင်း မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းများ စနစ်တကျတပ်ဆင်ထားခြင်း ရှိ၊ မရှိနှင့် အဆိုပါပစ္စည်းများ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု ရှိ၊ မရှိတို့ကို အဓိကထား စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

"မီးသတ်ဦးစီးဌာနအနေနဲ့ ပွင့်လင်းရာသီရောက်လာတာကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးတာတွေ ဆောင်ရွက်ပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေ၊ စက်သုံးဆီအရောင်းဆိုင်တွေ၊ ပုဂ္ဂလိကဆေးရုံတွေ စတဲ့နေရာတွေကို အဓိကထားပြီး လိုက်လံစစ်ဆေးပါတယ်။ စက်သုံးဆီအရောင်းဆိုင်တွေမှာ မီးလောင်လွယ်တဲ့ပစ္စည်းတွေရှိတဲ့အတွက် ဆိုင်တွေမှာ အမြှုပ်ဆေးရည်တွေ၊ မီးသတ်ဦးစီးဌာနကသတ်မှတ်ထားတဲ့ ရေဂါလန်၊ အချက်ပြစနစ်တွေ၊ မီးဘေးကာကွယ်ရေးပစ္စည်းတွေ ရှိ၊ မရှိ လိုက်လံစစ်ဆေးပါတယ်။ ဒ့ါပြင် စက်ရုံ၊ အလုပ်ရုံတွေ၊ ပုဂ္ဂလိကဆေးရုံတွေမှာလည်း မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းတွေ၊ အရေးပေါ်ထွက်ပေါက်တွေ စတာတွေကို စီစဉ်ဆောင်ရွက်ထားမှုရှိ၊ မရှိ လိုက်လံစစ်ဆေးပါတယ်" ဟု ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းဦးကပြောသည်။

သက်ဆိုင်ရာဌာနမှစာရင်းများအရ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ တစ်နှစ်တာကာလအတွင်း မီးလောင်မှုအကြိမ်ရေ ၁၁၅ ကြိမ် ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၄၄ ဒသမ ၀၄၄ သန်းခန့်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဥ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## ငလျင်ဘေးပညာပေးစာစောင်

### ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင်ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၁

၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



### ငလျင်လှုပ်နေစဥ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

၂

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဥ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။





၃

၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



### ငလျင်လှုပ်နေစဥ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။





၄

၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



### ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၅

၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဥ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

### ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။


၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၆

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

### မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံ





Probabilistic Seismic Hazard Map (PSHA Map) of Myanmar shown with expected peak ground acceleration (PGA) values (in g) with 100% probability in 500 years, and in MM classes

၇

### ငလျင်ပြင်းအားများ

| ငလျင် ပမာဏ ရစ်ချ်တာ စကေး | သက်ရောက်မှုရှိနိုင်ခြေ |
|---|---|
| ၂ အထက် | မသိသာသော အခြေအနေဖြစ်ပါသည်။ |
| ၂ နှင့် ၄ ကြား | လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။ |
| ၄ နှင့် ၄.၉ ကြား | လူတိုင်းလိုလို ခံစားမိသော အခြေအနေ ဖြစ်သည်။ |
| ၅ နှင့် ၅.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင် မပြောပလောက်သော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၆ နှင့် ၆.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသော ပျက်စီးမှု တွေ့ရသော အခြေအနေ ဖြစ်သည်။ |
| ၇ နှင့် ၇.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံများတွင်ဆိုးရွားသော ပျက်စီးမှု တွေ့ရသော အခြေအနေ ဖြစ်သည်။ |
| ၈ နှင့်အထက် | ကြီးမားသော ပျက်စီး ပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။ |

ငလျင်သည် အလျားလိုက်နှင့် အထက်အောက်လှုပ်ရှားနိုင်ပြီး ငလျင်၏ပြင်းအား၊ အဆောက်အအုံ၏တည်ဆောက်ပုံ၊ တည်နေရာတို့အပေါ် မူတည်၍ ပျက်စီးမှုများ ကွာခြားနိုင်ပါသည်။

၈

# မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်ကြီး၌ ပဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



မင်းဘူး ဖေဖော်ဝါရီ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီး၌ တပို့တွဲလပြည့်နေ့တိုင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၈)ကြိမ်မြောက် အသံမစဲ မဟာပဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ပဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီလ ၁၂ ရက် မွန်းလွဲပိုင်းတွင် ရှင်ပင်စက္ကိန်းတဲဘုရားရင်ပြင်တော်၌ ကျင်းပသည်။

မင်းဘူးမြို့ အမှတ် (၁) ရပ်ကွက်ရှိ ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီး၏ (၄၈)ကြိမ်မြောက်အသံမစဲမဟာပဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၉ ရက်မှ လပြည့်နေ့အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပပြီးနောက် ပဌာန်းသိမ်းအောင်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို နံနက်ပိုင်းတွင်ကျင်းပသည်။

ဆက်လက်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မွန်းလွဲပိုင်းတွင်ကျင်းပရာ ဘုရားအမှူးပြုသော ထေရ်ကြီးဝါကြီး ဆရာတော်အရှင်သူမြတ်များ၊ မင်းဘူးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၆ ကျောင်းမှ ပင့်သံဃာဆရာတော်များနှင့် အသံမစဲမဟာပဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲတွင် ရွတ်ဖတ်ပူဇော်ကြသည့် ဆရာတော်များအပါအဝင် ပင့်သံဃာတော် ၃၅ ပါးအား မင်းဘူးခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်အလှူရှင်များ၊ မြို့မိမြို့ဖများနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာရောက်ကြသူများက လှူဖွယ်ဝတ္ထုနှင့် ပစ္စည်းမျိုးစုံကို သဒ္ဓါတရားထက်သန်စွာ ဆက်ကပ်လောင်းလှူကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# ကျွန်းလှမြို့နယ်၌ သီးနှံမျိုးစုံ ၆၀၈၉၆ ဧက စိုက်ပျိုးပြီးစီး

ကျွန်းလှ ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံ ၆၀၈၉၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်အတွင်းမှာ ဒီနှစ်ဆောင်းရာသီ သီးနှံစုံ ၅၇၃၃၆ ဧက စိုက်ပျိုးဖို့လျာထားပြီး လက်ရှိအချိန်ထိ ၆၀၈၉၆ ဧက စိုက်ပျိုးပြီးဖြစ်ရာ လျာထားချက်ထက် ဧက ၃၅၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ စိုက်ပျိုးရာမှာလည်း ချောင်းရေနဲ့ မြေအောက်ရေတင်စိုက်ပျိုးကြပြီး သီးထပ်၊ သီးညှပ်စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲမျိုးစုံ ၂၁၉၀၆ ဧက၊ ဆီထွက်သီးနှံ ၃၅၂၇၂ ဧက၊ စားဖိုဆောင်သီးနှံကိုးဧက၊ အခြားသီးနှံစုံ ၃၇၀၉ ဧက စုစုပေါင်း ၆၀၈၉၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမကဘဲ သီးထပ်စိုက်ပျိုးနိုင်လေလေ အကျိုးရှိလေလေဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေးကြိုးပမ်းရမည်ဖြစ်သည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

သာစည် ဖေဖော်ဝါရီ ၁၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျောက်ပုံကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် သာစည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျောက်ပုံကုန်းကျေးရွာ၌ အရှည်ပေ ၈၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသည့်ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါကွန်ကရစ်လမ်းကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၂၉၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

**သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများ အလင်းရပါစေ။**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**



အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
We Protect The Family
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇
Business Insurance




SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၀၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE

# ဘာစီလိုနာအသင်းက ဝါရင့်တိုက်စစ်ကစားသမား လီဝန်ဒေါစကီးကို ၂၀၂၆ ခုနှစ် ဇွန်လအထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်နေ

ဘာစီလိုနာ ဖေဖော်ဝါရီ ၁၃

ဘာစီလိုနာအသင်းက ဝါရင့်တိုက်စစ်ကစားသမား လီဝန်ဒေါစကီးကို ၂၀၂၆ ခုနှစ် ဇွန်လအထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

အသက် ၃၆ နှစ်အရွယ် လီဝန်ဒေါစကီးသည် ၂၀၂၂ ခုနှစ် ဇူလိုင်လက ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီးနောက် ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၄၆ ပွဲတွင် ၃၃ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

လီဝန်ဒေါစကီးနှင့် ဘာစီလိုနာအသင်းတို့စာချုပ်သက်တမ်းမှာ လာမည့်ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း စာချုပ်ပါအချက်အလက်များအရ စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် နောက်ထပ်တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခွင့်ရှိသည့်အချက်ပါရှိသောကြောင့် ဘာစီလိုနာအသင်းက သက်တမ်းတိုးစာချုပ်အတွက်ဆွေးနွေးခဲ့ရာမှ သဘောတူညီမှုရရှိရန် နီးစပ်နေပြီဖြစ်သည်။

လီဝန်ဒေါစကီးသည် ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိနေပြီး စပိန်လာလီဂါပြိုင်ပွဲတွင် ၂၂ ပွဲကစားပြီးချိန်၌ ၁၉ ဂိုးသွင်းယူနိုင်ခဲ့ကာ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံးမှဦးဆောင်လျက်ရှိနေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ရှစ်ပွဲကစားပြီးချိန်တွင် ကိုးဂိုးသွင်းယူထားပြီး သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံးနေရာမှ ဂူရယ်ဆီနှင့် တစ်ဂိုးအကွာဖြင့် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိနေသည်။

ဘာစီလိုနာအသင်းကလည်း လက်ရှိအချိန်ထိ အကောင်းဆုံးခြေစွမ်းပြလျက်ရှိနေသည့် လီဝန်ဒေါစကီးကိုလက်မလွှတ်လိုသည့်အတွက် နောက်ထပ်တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*Ref;90Min*

# စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဘာစီလိုနာနှင့်အက်သလက်တီကို ရီးယဲလ်မက်ဒရစ်နှင့် ဆိုစီဒက်စ်အသင်းတို့တွေ့ဆုံ

မက်ဒရစ် ဖေဖော်ဝါရီ ၁၃


၂၀၂၄-၂၀၂၅ ဘောလုံးရာသီ စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အတွက် မဲခွဲမှုအပြီးတွင် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဆိုစီဒက်စ်အသင်းတို့ တွေ့ဆုံလျက်ရှိနေကြောင်း သိရသည်။

စပိန်ကိုပါဒယ်ရေးဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဘာစီလိုနာအသင်းက ဗလင်စီယာအသင်းကို ၅ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အက်သလက်တီကိုအသင်းက ဂီတာဖေးအသင်းကို ၅ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဆိုစီဒက်စ်အသင်းက အိုဆာဆူနာအသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ရီးယဲလ်မက်ဒရစ်အသင်းက လီဂါနက်စ်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များအဖြစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုအသင်း၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ဆိုစီဒက်စ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်း၊ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဧပြီလ ၂ ရက်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဆိုစီဒက်စ်အသင်း၊ ဧပြီလ ၃ ရက်တွင် အက်သလက်တီကိုအသင်းနှင့် ဘာစီလိုနာအသင်းတို့ ကစားသွားမည်ဖြစ်သည်။

အလားတူ စပိန်ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲကို ဆီဗီလာအသင်းအိမ်ကွင်း၌ ကစားသွားမည်ဖြစ်သည်။ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် အအောင်မြင်ဆုံးအသင်းအဖြစ် ဘာစီလိုနာအသင်းက ချန်ပီယံ ၃၁ ကြိမ်ဖြင့် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

*Ref;Fotmob*



# ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန်စီစဉ်နေသည့် လူငယ်ကစားသမား ဂစ်တန်းအတွက် ပြောင်းရွှေ့ကြေးကို ဒေါ့မွန်အသင်းက ယူရို သန်း ၈၀ သတ်မှတ်



ဘာလင် ဖေဖော်ဝါရီ ၁၃

ဒေါ့မွန်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဥရောပထိပ်တန်းအသင်းကြီးများက ခေါ်ယူရန်စီစဉ်နေသည့် အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဂစ်တန်းအတွက် ပြောင်းရွှေ့ကြေးကို မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၈၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၀ အရွယ် ဂစ်တန်းသည် ဒေါ့မွန်အသင်းကစားသမားဟောင်း ဆန်ချိုကဲ့သို့ပင် မန်စီးတီးအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး လူငယ်ကစားသမားဘဝတွင် မန်စီးတီး ယူ-၁၈ အသင်း၌ ပါဝင်ကစားခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်က မန်စီးတီးအသင်းအကယ်ဒမီမှ ဒေါ့မွန်အသင်းအကယ်ဒမီသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဂစ်တန်းသည် ၂၀၂၁ ခုနှစ်မှစတင်ပြီး ဒေါ့မွန်အသင်းကြီးနှင့်စတင်ပူးပေါင်းပြီးနောက် နောက်ပိုင်းဘောလုံးရာသီများတွင် အသင်းနှင့်အတူ ပွဲကစားခွင့်အများအပြားရရှိပြီး ခြေစွမ်းပြနိုင်ခဲ့သည့်အတွက် လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ဥရောပထိပ်တန်းကစားသမားများဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် ဒေသတွင်းပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းတို့ကခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

ဂစ်တန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒေါ့မွန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၄ ပွဲပါဝင်ကစားခွင့်ရရှိပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး ပြိုင်ပွဲစုံ ၃၄ ပွဲပါဝင်ကစားခွင့်ရရှိထားပြီး ၁၁ ဂိုး သွင်းယူနိုင်ကာ ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်နိုင်ခဲ့သောကြောင့် ချယ်လ်ဆီးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့အပြင် လူငယ်ကစားသမားများကိုခေါ်ယူရန် ပြင်ဆင်နေသည့် မန်ယူအသင်းကလည်း ခေါ်ယူဖွယ်ရှိနေခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် မျိုးဆက်သစ်လူငယ်ကစားသမားများကိုခေါ်ယူပြီး မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့်ရောင်းချလေ့ရှိသည့်အသင်းဖြစ်ပြီး အစောပိုင်းက ဆန်ချို၊ ဟာလန်း၊ ဘယ်လင်ဟမ်စသည့် ကစားသမားများကဲ့သို့ ယခုအခါတွင်လည်း ကြယ်ပွင့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ထားသည့် ဂစ်တန်းအတွက် မြင့်မားသည့်ပြောင်းရွှေ့ကြေးကို သတ်မှတ်ခဲ့ကြောင်း သိရသည်။

*Ref;Bild*

# မန်ယူအသင်းတွင် နည်းပြအမိုရင်နှင့် ကစားသမားများကြား ဆက်ဆံရေးတင်းမာနေကြောင်း သတင်းများထွက်ပေါ်

မန်ချက်စတာ ဖေဖော်ဝါရီ ၁၃

မန်ယူအသင်းတွင် အသင်းနည်းပြအမိုရင်နှင့် အသင်းမှအဓိက ကစားသမားများကြား ဆက်ဆံရေးတင်းမာနေကြောင်း သတင်းများထွက်ပေါ်နေသည်။


မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေသည့်အတွက် အသင်းနည်းပြတန်ဟတ်ကိုထုတ်ပယ်ပြီးနောက် နည်းပြအမိုရင်ကို ခန့်အပ်ခဲ့သော်လည်း ရလဒ်များပိုမိုဆိုးရွားနေပြီး နည်းပြအမိုရင်နှင့် အဓိက ကစားသမားများကြား နည်းစနစ်ပိုင်းနှင့်ပတ်သက်ပြီး ဆက်ဆံရေးတင်းမာမှုများရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအမိုရင်သည် ၃-၄-၃ ပုံစံဖြင့် စပို့တင်းလစ္စဘွန်းအသင်း၌ ရလဒ်ကောင်းများရရှိခဲ့သဖြင့် မန်ယူအသင်းတွင် အဆိုပါကစားကွက်ကို အသုံးပြုနေသော်လည်း အသင်းအနေဖြင့် ရလဒ်များဆက်တိုက်ဆိုးရွားနေခြင်းဖြစ်သည်။

အသင်းမှ အဓိက ကစားသမားများက နည်းပြအမိုရင်၏နည်းစနစ်ပိုင်းနှင့်ပတ်သက်ပြီး ကြိုက်နှစ်သက်မှုမရှိသည့်အတွက် ကစားကွက်အပြောင်းအလဲလုပ်ဆောင်ရန် တောင်းဆိုမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

*Ref;Goal.com*

# ကျိုင်းတုံမြို့နယ်၊ တန့်ယန်းမြို့နယ်နှင့် နမ့်စန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



အိုက်ထွန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



မနန်းဆိုင်မိုနှင့် အိုက်ခမ်းယွန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ကျိုင်းတုံမြို့နယ်၊ တန့်ယန်းမြို့နယ်နှင့် နမ့်စန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၁၀ ရက် ည ၇ နာရီခွဲတွင် ကျိုင်းတုံမြို့နယ်၊ ပင်းတောက်ကျေးရွာအုပ်စု၊ ဝမ်တာပုံကျေးရွာအနီးတွင် အိုက်ခမ်းယွန်း မောင်းနှင်ပြီး မနန်းဆိုင်မိုလိုက်ပါလာသည့် TOYOTA HILUX REVO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ကက်တမင်း ၃၉ ကီလို(တစ်ကီလိုလျှင် ၈၅ သိန်းနှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေ ၃၃၁၅ သိန်း) နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ၁၈ ကီလို(တစ်ကီလိုလျှင် ၈၀ သိန်းနှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေ ၁၄၄၀ သိန်း) တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



မောင်ရွှေအောင်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၁၂ ရက် နံနက် ၁၁ နာရီခွဲတွင် တန့်ယန်းမြို့၊ ရပ်ကွက်(၂)တွင် မောင်ရွှေအောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၁ နာရီခွဲတွင် တန့်ယန်းမြို့၊ ရပ်ကွက်(၇)ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀၀၊ ဘိန်းဖြူ ၂၀ ဂရမ် ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၅၀၀ ပြား(တစ်ပြားလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေ ၇၅ သိန်း)၊ ဘိန်းဖြူ ၂၀ ဂရမ်(တစ်ဂရမ်လျှင် ၂၀၀၀၀ ကျပ်နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေ ၄ သိန်း) သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၁၂ ရက် မွန်းလွဲ ၁၂ နာရီတွင် နမ့်စန်မြို့နယ်၊ မက်မွန်မုန်းကျေးရွာအုပ်စု၊ ကုန်ပုတ်ကျေးရွာရှိ အိုက်ထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၅၀ ပြား(တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေ ၁၀၀ ဒသမ ၂၅ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့်ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။ (၅၀၀)

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် ဖေဖော်ဝါရီ ၁၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၃ ရက်မှ ၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၂၀ ဒသမ ၂၁၉၂) တန်၊ သစ်မာ (၃၃ ဒသမ ၀၈၉၂) တန်၊ အခြား (၉၁ ဒသမ ၄၉၀၁) တန်၊ စုစုပေါင်း (၁၄၄ ဒသမ ၇၉၈၅) တန်၊ ယာဉ်/ ယန္တရား (၁၆)စီး၊ တရားခံ (၂၀)** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

## ဒီပဲယင်းမြို့ရှိနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု မဟုတ်မမှန်၊ သတင်းတု၊ သတင်းမှားများရေးသားဖြန့်ဝေ

နေပြည်တော် ဖေဖော်ဝါရီ ၁၃


စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် မီးရှို့ဖျက်ဆီးပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက Online သတင်းစာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များကိုမီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်းသိရှိရပြီး အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကိုမလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအားငွေကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းနှင့် အနိုင်ကျင့်ခြိမ်းခြောက်မှုများအား ဥပဒေမဲ့လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ရပ်ကွက်၊ ကျေးရွာများရှိ လူနေအဆောက်အအုံများအားမီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ အခြေအမြစ်မရှိသည့်ဓာတ်ပုံများကို အသုံးပြု၍ ပြည်သူများအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။


စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။





ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၁ ရက်**တွင်အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၇)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၁၁ ရက်**တွင် စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Fortuner မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဖေဖော်ဝါရီလ ၁၂ ရက်**တွင် ယင်းမာပင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၃)စီးနှင့် ဆီဘောက်ဆာယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၅၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၅၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဖေဖော်ဝါရီလ ၁၂ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ လှိုင်ဘုံကျေးရွာအုပ်စု၊ လှာကဒေါင်ကျေးရွာ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၁၁၆၂၇၅)ကိုလည်းကောင်း၊ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၃၆၆၂၇၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၅ ဒသမ ၄၆၀)တန်၊ အခြားသစ် (၃၇ ဒသမ ၀၀၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၈၉၆၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၃၀၅၂၃၉)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဂေဟစနစ်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမို၍တားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)


## ရောင်းခွန် / ဝယ်ခွန်ပေးဆောင်ရန် ပျက်ကွက်နေသူများ သိရှိစေရန် ကြော်ငြာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်ဒေသကော်ဖီစီမံကိန်းမြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေနှင့် သစ်တောမြေများအတွင်း ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်အား စာချုပ်ပါစည်းကမ်းသတ်မှတ်ချက်နှင့်အညီ စာချုပ်ချုပ်ဆို၍ သတ်မှတ်နေရာချထားပေးခဲ့ရာ စိစစ်ချက်အရ အချို့သောလက်ရှိလုပ်ကိုင်နေသူများသည် မူလခွင့်ပြုပေးထားသူများထံမှ လွှဲပြောင်းရယူခဲ့သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂။ ကော်ဖီစိုက်ပျိုးမြေ မူလချထားပေးသူနှင့် အမည်ကွဲလွဲနေသူ နှစ်ဦးနှစ်ဖက်လုံး အနေဖြင့် ရောင်းခွန်/ဝယ်ခွန်များကို ပြင်ဦးလွင်မြို့နယ်၊ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ၁၀-၁-၂၀၂၅ ရက်နေ့နောက်ဆုံးထား၍ပေးဆောင်သွားရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းရန် အခက်အခဲရှိသူများကို ၃၁.၁.၂၀၂၅ ရက်နေ့အထိ ရောင်းခွန်/ ဝယ်ခွန်များ ပေးဆောင်စေရေး သက်တမ်းတိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အခွန်ငွေပေးသွင်းရန်ကျန်ရှိသူများသည် ၁၇-၂-၂၀၂၅ ရက်နေ့ မတိုင်မီပေးသွင်းရန်နှင့် အခွန်ငွေပေးဆောင်ခြင်းမရှိပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတိပေးကြော်ငြာအပ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန

**ပျောက်ဆုံးကြောင်း**
စန်းယုတင်(ဘ)ဦးမြင့်စိန် ၁၂/သလန(နိုင်)၁၃၁၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 307307)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၂၇၁၇၁၆

**ပျောက်ဆုံးကြောင်း**
ချမ်းသာအောင်(ဘ)ဦးကျော်မြင့် ၁၂/မရက(နိုင်)၁၃၆၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၆၅၀၀၅၂

**ပျောက်ဆုံးကြောင်း**
သနပ်ပင်မြို့၊ ကမာဖရန်ကျေးရွာနေ သော်ဇင်ဟိန်း(ဘ)ဦးဇော်မင်းဟိန်း ၇/သနပ(နိုင်)၁၅၆၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်လဲ့ဝင်း(ဘ)ဦးမြင့်ဝင်း ၁၂/ကခက(နိုင်)၁၀၂၁၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 811675)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၂၂၀၅၀၆

**ပျောက်ဆုံးကြောင်း**
ခင်ကိုကို(ဘ)ဦးကုလား ၁၂/လကန(နိုင်)၁၇၅၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 727700)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၃၇၉၅၄၆

**ပျောက်ဆုံးကြောင်း**
အုတ်တွင်းမြို့နယ်နေ ပြည့်ဖြိုး ချမ်းသာ(ဘ)ဦးဝင်းမြင့်မိုး ၇/အတန(နိုင်)၁၆၉၂၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကောင်းထက်ကျော်(ဘ)ဦးတင်ဝင်း ၁၄/ပတေ(နိုင်)၂၃၁၃၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 734536)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
မင်းကိုကိုဟန်(ဘ)ဦးယုဟန်(ခ)ဦးသန်းထွန်း ၁၂/ကမတ(နိုင်)၀၉၆၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 855172)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သန်းသန်းဝင်း(ဘ)ဦးဘိုလှ ၈/တတက(နိုင်)၂၄၅၈၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရီရီလွင်(ဘ)ဦးအောင်ကျင် ၈/အလန(နိုင်)၁၄၆၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 954816)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိအိငြိမ်း(ဘ)ဦးကျော်ငြိမ်း ၅/ဒပယ(နိုင်)၁၄၃၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မေသက်နွယ်(ဘ)ဦးစံလင်း ၁၂/တမန(နိုင်)၁၃၈၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၈၃၉၅၃၀

**ပျောက်ဆုံးကြောင်း**
စိုင်းဒယ်နီရယ်(ဘ)ဦးဆန္ဒကျော်စွာ ၁၃/ကမန(နိုင်)၁၃၈၆၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 551318)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၀၄၃၄၄၃၅

**ပျောက်ဆုံးကြောင်း**
ဒေါ်ကြူ(ဘ)ဦးဘိုးခွေး ၁၂/မဘန(နိုင်)၀၂၄၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၃၂၈၁၂၅

**ပျောက်ဆုံးကြောင်း**
နော်သီတာလင်း(ဘ)စောစားတာ(ခ)စလင်း ၁၂/အစန(နိုင်)၀၆၉၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 286423)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၅၃၁၁၃၃၄

**ပျောက်ဆုံးကြောင်း**
ခင်မိုးမင်း(ဘ)ဦးစိုးမြင့်အောင် ၁၂/မဘန(နိုင်)၁၁၅၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 678036)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၁၉၃၆၆၃

**ပျောက်ဆုံးကြောင်း**
သဲသဲ(ဘ)ဦးကျော်ဆန်းဝင်း ၉/ဝတန(နိုင်)၂၀၈၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 125485)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၇၇၆၄၂၅၄

**ပျောက်ဆုံးကြောင်း**
အိအိအောင်(ဘ)ဦးညွန့်တင် ၁၄/လမန(နိုင်)၀၀၁၅၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၄၉၉၉၄၄၂

**ပျောက်ဆုံးကြောင်း**
ဇော်ဒန်အောင်(ဘ)သက်မျိုးဦး ၁၂/ပဇတ(နိုင်)၀၄၂၇၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၂၇၃၉၉၆၉

**ပျောက်ဆုံးကြောင်း**
နီလာခိုင်(ဘ)ဦးသိန်းဆိုင် ၉/တသန(နိုင်)၁၆၂၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 614182)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၅၄၆၅၂၈

**ပျောက်ဆုံး ကြောင်း**
ကောင်းထက်ဇော်(ဘ)ဦးအေးဟန် ၁၄/မမက(နိုင်)၂၄၉၂၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံး ကြောင်း**
ရတနာညီညီ(ဘ)ဦးညီညီသိန်း ၁၂/တမန(နိုင်)၁၁၃၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံး ကြောင်း**
ကျော်စွာဝင်း(ဘ)ဦးစိန်ဝင်း ၈/တတက(နိုင်)၂၄၅၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁







## "Myanmar Peninsular Freight Co.,Ltd"
## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း။

၁။ "Myanmar Peninsular Freight Co.,Ltd" ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန်(၃၁-၁-၂၀၂၅)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com, C.P.A)၊ အမှတ်(၁၉၆/ခ)၊ စပယ်ခြံ(၄)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၇-၃-၂၀၂၅)ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ခိုင်ဇာမြင့် | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, C.P.A) |
| Myanmar Peninsular Freight | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Co.,Ltd ၏ဒါရိုက်တာအဖွဲ့ကိုယ်စား | ဖုန်း-၀၉-၅၁၂၅၉၈၅ |

### ပျောက်ဆုံးကြောင်း
နှင်းဖြူဇင်(ဘ)ဦးစိုးဝင်း ၇/ကတခ(နိုင်)၂၁၃၂၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဖြူဖြူဝင်း(ဘ)ဦးမြင့်ခိုင် ၁၂/ကတန(နိုင်)၁၁၀၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်ပြောင်း
ပဲခူးမြို့၊ EJ ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-4(B)မှ အဘ ဦးသက်နိုင်အောင်၏သား မောင်သုတဥာဏ်အား မောင်သုတဟု ပြောင်းလဲခေါ်ပါရန်။
မောင်သုတ

### ပျောက်ဆုံးကြောင်း
မို့မို့သင်း(ဘ)ဦးသန်းဝင်း ၅/ဒပယ(နိုင်)၁၃၆၇၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
မင်းထက်(ဘ)ဦးတင်ခ ၉/တကန(နိုင်)၁၇၉၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 558589)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ညိုလွဲဝင်း(ဘ)ဦးသက်လွင် ၅/စကန(နိုင်)၀၁၀၀၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၇၃၄၇၃၃

### ပျောက်ဆုံးကြောင်း
အောင်ကျော်သူ(ဘ)ဦးဝေလွင် ၁၄/ဝခမ(နိုင်)၁၅၆၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၀၀၉၉၉၃

### ပျောက်ဆုံးကြောင်း
ရဲထွဋ်(ဘ)ဦးစံသိန်း ၁၂/အစန(နိုင်)၀၁၈၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၁၄၅၅၁၅

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ လေယာဉ်ကွင်းလမ်း၊ (ဘ)ဦးဇော်မင်းဦး ၁၃/ကလန(နိုင်)၀၀၂၆၈၂၊ (အမိ)ဒေါ်နီနီဝင်း ၁၂/မဘန(နိုင်)၀၀၁၆၇၁ တို့၏သမီးဖြစ်သူ မန္တယ်နီနှင်း ၁၃/ကတတ(နိုင်)၀၀၄၇၇၈ သည် မိဘနှစ်ပါးအား ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မန္တယ်နီနှင်းနှင့်ပတ်သက်ဆက်နွှယ်သော ငွေရေး၊ ကြေးရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မန္တယ်နီနှင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။
စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
အဘ ဦးဇော်မင်းဦး-အမိ ဒေါ်နီနီဝင်း

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်နေ (ဘ)ဦးဇော်ဝင်း၏သမီး ဒေါ်မေလွှမ်းမိုးနှင့် ဒေါ်လွှမ်းမိုး ၁၂/ကတတ(နိုင်)၀၂၀၄၇၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်မေလွှမ်းမိုး(ခ)ဒေါ်လွှမ်းမိုး

### ပျောက်ဆုံးကြောင်း
ကျော်သီဟ(ဘ)ဦးကြူလွန်း ၁၂/သကတ(နိုင်)၁၇၆၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၆၆၈၀၈၃

### ပျောက်ဆုံးကြောင်း
ဝင်းလဲ့လဲ့နွယ်(ဘ)ဦးကျော်ဝင်း ၁၂/ဥကမ(နိုင်)၂၅၄၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဝေယံဦး(ဘ)ဦးဝင်းဦး ၁၂/ကတန(နိုင်)၀၉၇၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 687236)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဝေလင်းဖြိုး(ဘ)ဦးအုန်းဆန်း ၇/သနပ(နိုင်)၁၆၅၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၄၆၉၈၂၃၀

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ပေပင်ချောင်ကျေးရွာနေ အိသူဇင်(ဘ)ဦးကျော်ကျော် ၇/ပခန(နိုင်)၄၉၁၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဒိုက်ဦးမြို့နယ်၊ အင်းသဇင်အုပ်စု၊ အောင်ချမ်းသာနေ မသန့်ဇင်ခိုင်(ဘ)ဦးငြိမ်းမောင် ၇/ဒဥန(နိုင်)၁၄၃၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

### ပျောက်ဆုံးကြောင်း
မောင်ထက်ဝေယံထွန်း(ဘ)ဦးသိန်းထွန်း ၁၀/မလမ(နိုင်)၂၄၁၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၉၆၆၁၈၆

### ပျောက်ဆုံးကြောင်း
မြတ်သူ(ဘ)ဦးမြင့်အုန်း ၇/နတလ(နိုင်)၁၂၁၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၉၃၅၃၆၁

### ပျောက်ဆုံးကြောင်း
စည်သူအောင်(ဘ)ဦးသိန်း ၈/တတက(နိုင်)၂၁၉၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၁၆၇၈၅၁၁

### ပျောက်ဆုံးကြောင်း
အောင်ဝဏ္ဏဆွေ(ဘ)ဦးခင်မောင်ဆွေ ၁၂/ရကန(နိုင်)၀၄၉၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၇၀၅၁၉၉၉

### ပျောက်ဆုံးကြောင်း
မြမြဝင်း(ဘ)ဦးထွန်းကြွယ် ၁၂/ကမန(နိုင်)၀၅၇၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဖယ်ခုံမြို့နယ်၊ ဆောင်ဒူအထက်ကျေးရွာနေ ဒေါ်ခြူး(ဘ)ဦးနွဲ့ ၂/လကန(နိုင်)၀၆၉၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၈၇၃၁၀၄

### ပျောက်ဆုံးကြောင်း
ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အင်ပင်အုပ်စု၊ အနောက်ကုန်းနေ မောင်မျိုးထက်ဝင်း(ဘ)ဦးဝင်းဆွေ ၁၄/မအန(နိုင်)၂၁၀၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အကွက်အမှတ်(၃၇/ခ)စွန်းလွန်း၊ ဦးပိုင်အမှတ်(၁၁၅)၊ (အလျား ၃၀'-၀" x အနံ ၆၅'-၀")ဦးလှဖေအမည်ပေါက် ဝိုင်းမြေပေါ်တွင် ဒေါ်လှိုင်သင်းမွှေး (၉/မခန(နိုင်)၂၄၅၈၈၅)ကိုင်ဆောင်သူမှ(အလျား ၉၀'-၀")အရှည်ခြံစည်းရိုး ကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

### အမည်ပြောင်း
ရေစကြိုမြို့၊ အမှတ်(၅)ရှာမိုးရပ် အမက(၄) Grade-5 တွင် ပညာသင်ကြားနေသော အဘ ဦးငြိမ်းချမ်းအောင်၏သမီး မသီရိငြိမ်းသန့်စံ အား ယနေ့မှစ၍ မစံရတီထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မစံရတီထက်

### ပျောက်ဆုံးကြောင်း
ဝင်းပပလှိုင်(ဘ)ဦးတင်မြင့်ဦး ၉/ခမစ(နိုင်)၀၈၂၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 328616)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၅၈၃၃၅၈

### ပျောက်ဆုံးကြောင်း
အေးနိုင်(ဘ)ဦးသိန်းရွှေ ၁၂/မရက(နိုင်)၀၆၁၀၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၀၂၄၇၇

### ပျောက်ဆုံးကြောင်း
ဝင်းမင်းထွန်း(ဘ)ဦးဘိုလေး ၅/မရန(နိုင်)၂၀၄၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၀၀၀၂၁၃

### ပျောက်ဆုံးကြောင်း
သန့်ထက်သာ(ဘ)ဦးအုန်းမြင့် ၁၂/ပဇတ(နိုင်)၀၄၃၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁၀၀၃)နေ ဦးကျော်ကျော်(ဘ)ဦးသန်းညွန့် ၁၀/မလမ(နိုင်)၀၃၃၈၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၁၄၈၆၇၃

### ပျောက်ဆုံးကြောင်း
စန္ဒာမိုး(ဘ)ဦးကြူလွန်း ၁၂/သကတ(နိုင်)၀၈၃၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၁၀၉၁၀၆၉

### ပျောက်ဆုံးကြောင်း
တင်အောင်ဟိန်း(ဘ)ဦးချစ်ရွှေ ၁၂/ဒဂမ(နိုင်)၀၃၅၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 489189)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၇၅၇၀၀၃၅

### ပျောက်ဆုံးကြောင်း
ဇူလိုင်မွန်(ဘ)ဦးမောင်မြ ၁၂/လကန(နိုင်)၂၅၄၆၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ အထက(၁) Grade(11)R.4 အတန်းတွင် ပညာသင်ကြားနေသော မချမ်းမြေ့ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၁၄/ဒဒရ(နိုင်)၀၉၉၇၉၂ ဖြစ်ပါကြောင်း။
ဦးကျော်ကျော်နိုင်

### ပျောက်ဆုံးကြောင်း
မေငွေးစံ(ဘ)ဦးတင်ကြည် ၁၂/သဃက(နိုင်)၁၇၃၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 390364)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၇၆၂၃၆၀

### ပျောက်ဆုံးကြောင်း
မော်လမြိုင်ကျွန်းမြို့၊ (၁၃)ရပ်ကွက်၊ သခင်မြလမ်းနေ နှင်းအိခိုင်(ဘ)ဦးဟုတ်ခင် ၁၄/မမက(နိုင်)၁၇၈၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၁၄၈၆၇၃

## အမွေစားအမွေခံသမီးအဖြစ်မွေးစားခြင်းအား အများသိစေရန်ကြော်ငြာခြင်း
ပျော်ဘွယ်မြို့နယ်၊ မိဖုရားကုန်းကျေးရွာနေ ဦးခိုင်စိုးဦး+ဒေါ်ရီရီဆွေတို့မှ ဦးစိုင်းနန်းအောင်+ဒေါ်စန္ဒာဝင်းတို့၏သမီးဖြစ်သူ မကြယ်စင်လင်းအား ယနေ့မှစ၍ အမွေစားအမွေခံအဖြစ် မွေးစားကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
ဦးခိုင်စိုးဦး+ဒေါ်ရီရီဆွေ

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၂၂)ပူစနက်ကျင်း၊ ဦးပိုင်အမှတ်(၄၂)၊ (အလျား ၁၅'-၀" x အနံ ၃၇'-၀")ဦးခွေးသိုးအမည်ပေါက် ဝိုင်းမြေပေါ်တွင် ဦးအောင်ဖြိုးဝေ (၉/မခန(နိုင်)၁၉၅၂၆၂)ကိုင်ဆောင်သူမှ(အလျား ၁၀'-၀" x အနံ ၂၂'-၀")Iron Frame(၂)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

❖ **လူငယ်များသည် တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ် . . .**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး“မြန်မာ့သနပ်ခါးနေ့”အထိမ်းအမှတ် လှုပ်ရှားမှုအစီအစဉ်ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း(Representative List of the Intangible Cultural Heritage of Humanity) သို့ ၂၀၂၅ ခုနှစ် မတ်လမတိုင်မီ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့များနှင့် ပတ်သက်၍ ပညာပေးအစီအစဉ်များကို ဖေဖော်ဝါရီလ ၇ ရက်မှစ၍ ဖေဖော်ဝါရီလတစ်လလုံး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ပြတိုက်များနှင့် စာကြည့်တိုက်များတွင် ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ

စာမျက်နှာ ၁၇ ကော်လံ ၁ ❑

## ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် ၂၅-၁၀-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာအမှတ်၊ ၀၅၅/ ၂၀၂၄ နှင့်အညီ လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ၃၀-၁၀-၂၀၂၄ ရက်နေ့ထုတ် သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် လုပ်ငန်းလိုင်စင်လျှောက်ထားမှုကို ၁၈-၁၁-၂၀၂၄ ရက်နေ့မှ စတင်လျှောက်ထားရန် ၇-၁၁-၂၀၂၄ ရက်နေ့ထုတ် သတင်းစာများတွင် ကြေညာထားရှိပြီးဖြစ်သောကြောင့် အဆိုပါလျှောက်ထားမှုများကို ၁၇-၂-၂၀၂၅ ရက်နေ့ထိ (၃)လအတွင်း နောက်ဆုံးထားလျှောက်ထားရန်နှင့် စာမျက်နှာ ၁၇ ကော်လံ ၃ ⇨

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


CARD SERVICES
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce



လိုငွေ ကျည် မြဝတီ
MPU
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Phone No : (01) 2301367, 2301368, 2301452, 2301378